ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (27-5-2007) (၅၃၃၀)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပိဋကသုံးပုံအာဂုံအောင် တိပိဋကရေဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဇာတာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသထံ ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း (၅၉)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၉)ကြိမ်မြောက် တိပိဋကရွေးချယ်ရေး စာမေးပွဲတွင် ပိဋကသုံးပုံ အာဂုံအောင် တိပိဋကရေ ဘွဲ့တံဆိပ်တော်ရ တစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်း ငါးကျမ်းရေးဖြေအောင် မူလအဘိဓမ္မကောဝိဒတစ်ပါး၊ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း အာဂုံအောင် မူလအာဘိဓမ္မိကနှစ်ပါး၊ ဒီဃနိကာယ်သုံးကျမ်း ရေးဖြေအောင် ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃနိကာယ်သုံးကျမ်း အာဂုံအောင် ဒီဃဘာဏကလေးပါး၊ ဝိနည်းနောက်ပိုင်းသုံးကျမ်း ရေးဖြေအောင် ဝိနယကောဝိဒလေးပါး၊ ဝိနည်းနောက်ပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ ၁၁ပါး၊ ဝိနည်းရှေ့ပိုင်း နှစ်ကျမ်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါးနှင့် ဝိနည်းရှေ့ပိုင်းနှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ အပါး ၄၀ စုစုပေါင်း ၇၃ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❋

(၅၉)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)



## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❋ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❋ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၇-၅-၂၀၀၇
(တနင်္ဂနွေနေ့)

# နိုင်ငံအေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးမှုများဖော်ညွှန်း နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ဖွင့်လှစ်

ပို့ဆောင်ရေးကဏ္ဍသည် အဓိကကျသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံ၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနေသော ဝန်ဆောင်မှုလုပ်ငန်းလည်းဖြစ်သည်။

ယနေ့အချိန်အခါတွင် ပြည်တွင်းကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ၌ မြစ်ကူးချောင်းကူးတံတားကြီးများနှင့်အတူ ပြည်ထောင်စု လမ်းမကြီးများ၊ ရထားဥမင်များ၊ ရထားလမ်းကွန်ရက်သစ်များ ပေါ်ထွက်နေပြီဖြစ်သည်။ ထိုနည်းတူ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း အဆင့်မြင့်ပင်လယ်ကူး သင်္ဘောဆိပ်ခံတံတားသစ်ကြီးများ၊ ခေတ်မီပစ္စည်းကိရိယာများ၊ ခေတ်မီ ကုန်သေတ္တာစခန်းများအပါအဝင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌လည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိရာ နိုင်ငံတကာအဆင့်မီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်ကြီးကို မေလ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်မှာ အရှည် ၈၃၂ ပေ၊ အကျယ် ၂၀၆ ပေ၊ အမြင့် ၆၈ပေ ရှိပြီး ရစ်ချ်တာစကေး (၈) ရှိ ငလျင်ဒဏ်ခံနိုင်ရည်အားရှိရန် တည်ဆောက်ထားသည်။ အဆောက်အအုံအတွင်း၌ ဓာတ်လှေကားငါးစင်း၊ ရွေ့လျားစက်လှေကားသုံးစင်း၊ ရိုးရိုးလှေကားလေးစင်းနှင့် တယ်လီဖုန်းလိုင်း ၃၀၀ တပ်ဆင်ထားသည်။

လေဆိပ်အဆောက်အအုံသစ်၌ လေယာဉ်ဆိုက်ကပ် ပေါင်းကူးတံတားလေးခု အပါအဝင် လေယာဉ်ရပ်နား အချက်ပြစနစ်၊ လေယာဉ်ဆီ ဖြန့်ဖြူးရေးစနစ်၊ ခရီးသည်အိတ်များ သယ်ဆောင်မှုစနစ်၊ ဗဟိုထိန်းချုပ်လေအေးဖြန့်ဖြူးရေးစနစ် စသည့် ခေတ်မီ လေဆိပ်တစ်ခု၏ အင်္ဂါရပ်များ ပြည့်စုံစွာ ထည့်သွင်းတည်ဆောက်ထားသည်။

ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်၌ တစ်နာရီလျှင် ခရီးသည် ၁၈၀၀၊ တစ်နှစ်လျှင် ခရီးသည် ၂ ဒသမ ၇ သန်း လက်ခံနိုင်သည်။ လေယာဉ်ဆိုက်ကပ်နိုင်မှုမှာ တစ်နာရီလျှင် ငါးစင်းဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ ခရီးသည်များအတွက် နိုင်ငံတကာလေဆိပ်များနည်းတူ အဆင့်မြင့်ဝန်ဆောင်မှုများ တိုးတက်ဖြည့်ဆည်းပေးထားသဖြင့် ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်ရာ နိုင်ငံ၏ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှု ဂုဏ်ဒြပ်ကောင်းများကို ဖော်ညွှန်းလျက် ရှိပေသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ သားကြီး အောင်ထွဏ်းထွင့်အား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သုဓမ္မာလမ်းနေ ဦးသန်းရွှေ-ဒေါ်အေးအေးသန်း မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပြည်တော်သာ) အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၆

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၃ ရက်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ညွှန်ခန်းမ၌ ရန်ကုန်မြို့တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တွေ့ဆုံမှာကြားသည်။**



**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ညွှန်ခန်းမတွင် ရန်ကုန်မြို့တော်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကို အမှာစကားပြောကြားစဉ်။** (အမှတ်-၂၊ လျှပ်စစ်)

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ တွဲဖက်အတွင်းရေးမှူး ဦးတိုးအောင်၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် ဦးအောင်ခိုင်၊ ညွှန်ကြားရေးမှူးများ၊ လက်ထောက်အင်ဂျင်နီယာချုပ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်အတွင်းရှိ ခရိုင်လေးခုနှင့် မြို့နယ် ၅၃မြို့နယ်မှ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက အစီအစဉ်အတိုင်း တစ်ဦးချင်း မိတ်ဆက်ကြသည်။

**အလေးထား**

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ရန်ကုန်မြို့တော်ရှိ ပြည်သူများအားလုံး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိစေရေး အလေးထားဆောင်ရွက်ရန် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးအရာရှိများကို ရန်ကုန်မြို့တော်အတွင်း တာဝန်ပေးထားကြောင်း၊ တာဝန်ရှိသူများအားလုံးက အတွေ့အကြုံ၊ အရည်အသွေးနှင့် အရည်အချင်းများ ပူးပေါင်းကာ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်အောင် စွမ်းဆောင်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပေါ် စေတနာတုံ့ပြန်ပေးဆပ်မှုသည် မိမိတို့လုပ်ငန်း တာဝန်အပေါ် စွမ်းရည်မြှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နှင့်သက်ဆိုင်သော လုပ်ငန်းတာဝန်များအပေါ် မည်သည့်ကိစ္စမဆို ကျွမ်းကျင်အောင် ကြိုးစားလေ့လာသင်ယူလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းတာဝန်အပေါ် ကွပ်ကဲမှုနှင့် တာဝန်ယူမှုများအပြင် ပြည်သူလူထုနှင့် ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရန်သည်လည်း အဓိကကျကြောင်း၊ မိမိတို့ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် မိမိဌာန စံပြဖြစ်လာအောင် ပတ်ဝန်းကျင်နှင့် ယှဉ်၍ ကြိုးစားဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေး၊ လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှု ပပျောက်စေရေးတို့ကို တာဝန်ရှိသူများမှ အဓိကထားဆောင်ရွက်ကြရန်နှင့် ဌာနဝင်ငွေ၊ ဘဏ္ဍာငွေ တိုးတက်စေရေးအတွက် လုပ်ငန်းတိုင်းကို အတွင်းကျကျ သိရှိကျွမ်းကျင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ) ဆရာတော်ကခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ဇွန် ၆ ရက်မှ ၁၂ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့က အခမဲ့အာဟာရဒါနကျွေးမွေးလှူဒါန်းမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ ဇွန် ၅ ရက်အရောက် ကြွရောက်ကြရမည်ဖြစ်သည်။(က-ပ)



**ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းမိသားစုဝင်များအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၃ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က ဝန်ထမ်းမိသားစုဝင် ၁၂ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး စုစုပေါင်း ၄၅၀၀၀ ကို ပေးအပ်စဉ်။** (၃၅)

# The Map of Mandalay (05-2007)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မေ ၂၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Design Printing Services (D.P.S)မှ စီစဉ်သော The Map of Mandalay (05-2007)မန္တလေးလမ်းညွှန်မြေပုံ အိတ်ဆောင်အရွယ်ကို စတင်ဖြန့်ချိတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ကမ္ဘာလှည့် ခရီးသွားလာရေးလုပ်ငန်းများ လွယ်ကူ အဆင်ပြေချောမွေ့စေရန် ရည်ရွယ်လျက် မန္တလေးလမ်းညွှန်မြေပုံကို (ပဉ္စမအကြိမ် စောင်ရေ သုံးသောင်း)အဆင့်မြင့် ကြွေစက္ကူချောများဖြင့် ရောင်စုံပုံနှိပ်ထားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၏ ပူးပေါင်းပံ့ပိုးမှုဖြင့်ကမ္ဘာလှည့်ခရီးသွားများနှင့် ဆက်စပ်လုပ်ငန်းများသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်။

မြေပုံပေါ်တွင် မြန်မာပြည်မြေပုံ၊ မန္တလေးနှင့်အနီးတစ်ဝိုက် စစ်ကိုင်း၊ အမရပူရ၊ မင်းကွန်းစသည်တို့ရှိလေ့လာလည်ပတ်စရာ စိတ်ဝင်စားဖွယ်နေရာများအကြောင်းဖော်ပြချက်၊ အရေးကြီးဖုန်းနံပါတ်များ၊ မန္တလေး မြို့လယ်ပိုင်းအသေးစိတ်မြေပုံ၊ မန္တလေးတစ်မြို့လုံး (မြို့သစ်၊စက်မှုဇုန်များအပါအဝင်) မြေပုံ၊ မန္တလေးမှ အမရပူရ ဦးပိန်တံတားသို့သွားသည့် လမ်းပိုင်းနှင့် စစ်ကိုင်းမြို့မြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ မန္တလေးမြို့မှ ဟိုတယ်၊ စားသောက်ဆိုင်၊ မြန်မာ့လက်မှုအနုပညာ ပစ္စည်းအရောင်းဆိုင်များ စာရင်းတို့ ဖော်ပြထားသည်။

မြေပုံပေါ်ရှိဖော်ပြချက်များကိုအင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားသည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများအတွက်သာမက မြန်မာနိုင်ငံသားများ လေ့လာနိုင်ရန်အတွက်ပါ ရည်ရွယ်လျက် ဖော်ပြထားခြင်းဖြစ်သည်။

D.P.Sမှ ထုတ်ဝေပြီးဖြစ်သော မြေပုံအားလုံးကိုပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့လည်း ဖြန့်ဖြူးလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံးရှိ ခရီးသွားလုပ်ငန်းများနှင့် Myanmar Embassies များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများသို့ Courier Services များ၏ အကူအညီဖြင့် ပေးပို့ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ဝင်ရောက်လာသောခရီးသည်များအားလုံးကို နေ့စဉ်ဝေငှပေးလျက်ရှိသည်။ မန္တလေးမြို့မှ ဟိုတယ်များသို့လည်း ဖြန့်ဝေနေပြီဖြစ်ပြီး မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့လည်း အပတ်စဉ်ပေးပို့ဖြန့်ချိပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။

မြန်မာတစ်နိုင်ငံလုံးမှ Hotels, Travel & Tour Operators, Embassies in Myanmar, Airlines, Restaurants, Souvenir-Shop စသည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင် မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာပြသ၍လည်းကောင်း၊ Phone,Fax တို့ဖြင့် လည်းကောင်း Design Printing Services Co.,Ltd.(D.P.S) အမှတ်(၁၆၅-၁၆၇)၊ ၃၅လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ Phone-01-20 40 20, 204 200, Fax-01-245230, e-mail-dps @ myanmar.com.mm တွင် ဇွန် ၁၅ ရက်မှ စတင်၍ ရုံးချိန်အတွင်းအခမဲ့ မှာကြားထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆီးချို၊သွေးချို ရောဂါဆို သည်လိုကာကွယ်ကြ

**ပန်းတောင်းသန်းကြွယ်**

သွေးချို၊ ဆီးချိုရောဂါသည် သွေး၌ရှိသင့်သော ပမာဏထက် ဂလူးကို့စ်ခေါ် သကြားဓာတ်လွန်ကဲစွာ များပြားနေခြင်းပင်ဖြစ်သည်။ ခန္ဓာကိုယ်မှ ဂလူးကို့စ်ကို စွမ်းအင်အဖြစ် အသုံးမပြုနိုင်ခြင်းကြောင့်ဖြစ်သည်။

ကလာပ်စည်းများက သကြားဓာတ်ကို ရယူသုံးစွဲရာ၌ ဟော်မုန်း အင်ဆူလင်လိုအပ်သည်။ အင်ဆူလင်နှင့် ပတ်သက်သော ပြဿနာတစ်ခုခုကြောင့် ကလာပ်စည်းများက သကြားဓာတ်ကို မသုံးစွဲနိုင်သဖြင့် သွေးတွင် သကြားဓာတ် များလာရခြင်းဖြစ်သည်။ သွေးတွင် သကြားဓာတ်ပါဝင်မှု အတိုင်းအတာတစ်ခုထက် ကျော်လွန်ပါက ဆီးတွင် သကြားဓာတ်များ ပါဝင်လာသည်။ ယင်းသို့ သွေးနှင့်ဆီးတွင် သကြားဓာတ် များပြားစွာ ပါဝင်လာခြင်းကိုအခြေခံ၍ မြန်မာလို သွေးချို၊ ဆီးချိုရောဂါဟု သုံးနှုန်း ခေါ်ဆိုကြခြင်းဖြစ်သည်။

**ခန္ဓာကိုယ်တွင်းရှိ ကလာပ်စည်းများအားလုံး ပုံမှန်အလုပ်လုပ်နိုင်ရန်အတွက် လိုအပ်သော စွမ်းအင်ကို အစားအစာမှရရှိသည်။ အစားအစာထဲတွင် ကာဗိုဟိုက်ဒြိတ်များ၊ ပရိုတင်းများ၊ အဆီများ ပါဝင်သည်။ ကာဗိုဟိုက်ဒြိတ်ကို ဂျုံ၊ ဆန်၊ သစ်သီးဝလံ၊ ကောက်ပဲသီးနှံများနှင့် သစ်သီးသစ်ဥများမှ အဓိကရရှိသည်။**

အစာချေဖျက်ပြီးသောအခါတွင် ကာဗိုဟိုက်ဒြိတ်မှာ ဂလူးကို့စ် အဖြစ်သို့ ပြောင်းလဲသွားသည်။ ယင်းဂလူးကို့စ်သည်ပင် ကလာပ်စည်း များအားလုံး၏ အဓိကစွမ်းအင်အရင်းအမြစ်ဖြစ်သည်။ ယင်းစွမ်းအင်အရင်း အမြစ်များကို မှန်မှန်ကန်ကန် အသုံးချနိုင်ရန်အတွက် အင်ဆူလင်၏ အကူအညီဖြင့် ဓာတ်ပြုရသည်။ အင်ဆူလင်မှာ အစာအိမ်နောက်ဘက်ရှိ ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်သော ပန်ကရိယမှ ထုတ်လုပ်ပေးသည့် ဟော်မုန်း တစ်ခုပင်ဖြစ်သည်။

ပုံမှန်အားဖြင့် စားသုံးသည့် အစာအာဟာရပမာဏနှင့် အချိုးကျသော အင်ဆူလင်ကို ပန်ကရိယက ထုတ်ပေးလေ့ရှိသည်။ အင်ဆူလင်သည် ကလာပ်စည်းများထဲသို့ ဂလူးကို့စ်ဝင်စေပြီး စွမ်းအင်ထောက်ပံ့မှုကို အကူအညီပေးသည့်ပြင် အသည်းနှင့် ကြွက်သားများထဲတွင် ဂလိုင်ကိုဂျင်စုဆောင်းသိုမှီးရာ၌လည်း ပါဝင်ကူညီသည်။ အစာစားချိန်များ၏ကြားတွင် လိုအပ်သော စွမ်းအင်ကို ဂလိုင်ကိုဂျင်က ဂလူးကို့စ်အဖြစ်ပြောင်းလဲကာ ကလာပ်စည်းများကို အသုံးပြုနိုင်စေသည်။

အင်ဆူလင်လုံလောက်အောင် ထုတ်မပေးနိုင်ခြင်း၊ လုံးဝထုတ်မပေးနိုင်ခြင်း သို့မဟုတ် ခန္ဓာကိုယ်က အသုံးမပြုနိုင်သော ချွတ်ယွင်းသည့် အင်ဆူလင်ကို ထုတ်ပေးခြင်းတို့ကြောင့် ဓာတ်ပြုမှုများ ကမောက်ကမ ဖြစ်ကာ ရလဒ်အနေဖြင့် ဆီးချိုသွေးချိုရောဂါဖြစ်ရလေသည်။

ဆီးချို၊ သွေးချိုရောဂါနှစ်မျိုးရှိရာ အမျိုးအစား(၁)မှာ ခန္ဓာကိုယ်မှ အင်ဆူလင် မထုတ်လုပ်နိုင်ခြင်းကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ပြီး၊ အမျိုးအစား(၂)မှာ အင်ဆူလင်ထုတ်လုပ်သော်လည်း မလုံလောက်ခြင်း၊ အာနိသင်စွမ်းအား ညံ့ဖျင်းခြင်းတို့ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။

ဆီးချို၊ သွေးချိုရောဂါ ရှိသော်လည်း မည်သည့်ရောဂါလက္ခဏာမျှ မပြဘဲ ငါးနှစ်မှ ခုနစ်နှစ်အထိ ရောဂါငုပ်နေတတ်ရာ သံသယဖြစ်ဖွယ် လက္ခဏာများကို သတိပြုစောင့်ကြည့်သင့်သည်။

အမျိုးအစား(၁)နှင့်(၂)နှစ်မျိုးစလုံးတွင် တွေ့ရှိနိုင်သော လက္ခဏာများမှာ ဇာစ်မြစ်ကြောင်းရင်းမရှိပါဘဲ ရေအလွန်အကျွံငတ်ခြင်း၊ အစားအစာစားလိုသောဆန္ဒ များနေတတ်ပြီး အစားအစာစားပြီးသည့်တိုင် ဆာလောင်နေတတ်ခြင်း၊ ဆီးမကြာခဏသွားခြင်း၊ အစာကောင်းစွာ စားနေပါလျက် ကိုယ်အလေးချိန်ကျခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အားအင် ယုတ်လျော့ခြင်း၊ မျက်စိအမြင်အာရုံမကြည်လင်ခြင်း၊ ခြေလက်များထုံကျဉ်မှုဝေဒနာခံစားရခြင်းတို့ဖြစ်သည်။

အမျိုးအစား(၂)တွင် တွေ့ရှိနိုင်သေးသော လက္ခဏာများမှာ အနာဒဏ်ရာအကျက်နှေးခြင်း၊ ကောင်းစွာမကျက်ခြင်း၊ အရေပြားယားယံခြင်း အထူးသဖြင့် ပေါင်ခြံနှင့် အမျိုးသမီးအင်္ဂါယားယံခြင်း၊ မှိုရောဂါများ ဝင်ရောက်စွဲကပ်မှု မကြာခဏတွေ့ရခြင်း၊ လည်ပင်း၊ ချိုင်း၊ ပေါင်ခြံတို့တွင် အရေပြားအရောင် ညိုညစ်လာခြင်းတို့ဖြစ်သည်။

သွေးချို၊ ဆီးချိုရောဂါရှိ၊ မရှိကို သွေးနှင့်ဆီး စစ်ဆေးကြည့်မှသာ အတိအကျ သိနိုင်မည်ဖြစ်သည်။ သွေးတွင်း အချိုဓာတ်စစ်ဆေးရာတွင် အစာမစားမီစစ်ဆေးခြင်း Fasting Blood Glucose (FBG) >(126)mg/dl၊ ကြုံကြိုက်သလို ဖောက်စစ်ဆေးခြင်း Random Blood Glucose (RBG)>(200)mg/d1၊ အစာစားပြီး စစ်ဆေးခြင်း Post-Prandine Blood Glucose (PPBG)>(200)mg/dl ဟူ၍ သုံးမျိုး ခွဲခြားစစ်ဆေးနိုင်သည်။ ဖော်ပြပါရှိသည့် သွေးစစ်နည်းများအလိုက် သွေးအတွင်း အချိုဓာတ်ပမာဏနှင့်အထက်ရှိနေပါက ဆီးချိုသွေးချိုရောဂါ ရှိနေသည်ဟု ဆိုနိုင်သည်။

သွေးချို၊ ဆီးချိုရောဂါကို သေချာစွာမထိန်းချုပ်နိုင်ပါက ဆိုးရွားသော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာလေ့ရှိသည်။ အဖြစ်များသော နောက်ဆက်တွဲဆိုးကျိုးများမှာ–

- **နှလုံး။ သွေး၌သကြားဓာတ်လွန်ကဲခြင်းသည် သွေးကြောများကို ယိုယွင်းပျက်စီးစေသည်။ နှလုံးသွေးကြောပြဿနာကိုဖြစ်စေပြီး နှလုံးကြွက်သားများ ရုတ်တရက်သေဆုံးခြင်း (Heart Attack) ဖြစ်စေသည်။**
- **ဦးနှောက်။ နှလုံးသွေးကြောဆိုင်ရာပြဿနာများနည်းတူဦးနှောက် သွေးကြောဆိုင်ရာ မတော်တဆမှု (Ceretrovascular Accident)ဖြစ်နိုင်သည်။ ဦးနှောက်သွေးကြောပိတ်ဆို့ခြင်း နှင့် ဦးနှောက်တစ်ရှူး ပျက်ယွင်းခြင်း (Stroke) ဖြစ်ကာ ရုတ်တရက် သေဆုံးခြင်း၊ ကိုယ်တစ်ပိုင်းသေခြင်း၊ ကိုယ်တစ်ခြမ်း သေခြင်းစသည်တို့ဖြစ်နိုင်သည်။**
- **ခြေထောက်။ သွေးချို၊ ဆီးချို လူနာအများစုမှာ ခြေထောက်နှင့် ပတ်သက်သော ပြဿနာများ ရှိနေတတ်သည်။ ခြေထောက် ထုံကျဉ်ခြင်း၊ အနာဖြစ်ခြင်းများ ဖြစ်တတ်သည်။ အာရုံကြောနှင့် သွေးကြောများပျက်ယွင်းမှုကြောင့် ခြေထောက် သို့ သွေးစီးဆင်းမှု လျော့နည်းကာ တစ်သျှူးပုပ်ခြင်း (Gangreme) ဖြစ်တတ်သည်။ သွေးချို၊ ဆီးချိုရောဂါကြောင့် ခြေထောက် ဖြတ်ပစ်ရခြင်းများအထိ ဖြစ်တတ်သည်။**
- **ပါးစပ်နှင့်ခံတွင်း။ ဆီးချို၊ သွေးချိုရောဂါရှိသူများသည် ပါးစပ်နှင့်ခံတွင်းရောဂါ ဖြစ်ပွားနှုန်း များကြသည်။ ခံတွင်း၌ အနာများဖြစ်ခြင်း၊ သွားဖုံးရောဂါဖြစ်ခြင်းနှင့် သွားများဆုံးရှုံးခြင်းတို့ ဖြစ်နိုင်သည်။**
- **မျက်စိ။ သွေး၌ သကြားဓာတ်များခြင်းသည် မျက်စိမှန်ဘီလူး (Lens)ကို ပျက်စီးစေသည်။ မျက်စိတိမ်စွဲခြင်း ဖြစ်နိုင်သည်။ အပြင်လွှာ ယိုယွင်းပျက်စီးပြီး အမြင်အာရုံချို့ယွင်းခြင်း၊ မျက်စိကွယ်ခြင်းတို့ဖြစ်နိုင်သည်။**
- **ကျောက်ကပ်။ သွေးချို၊ ဆီးချိုရောဂါသည် ကျောက်ကပ်၏ လုပ်ငန်းများကိုလည်း ယိုယွင်းပျက်စီးစေသည်။ အညစ်အကြေးများကောင်းစွာမစွန့်ပစ်နိုင်သဖြင့် ခန္ဓာကိုယ်၏ အခြားအင်္ဂါအစိတ် အပိုင်းများ၏ လုပ်ငန်းများကိုပါ ထိခိုက်စေသည်။**

ဆီးချို၊ သွေးချိုရောဂါကုသရာတွင် အစာအာဟာရဖြင့် ကုသခြင်း၊ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ သွေးအတွင်း သကြားဓာတ်များ လျော့နည်းကျဆင်းစေသောဆေးများ သောက်သုံး၍ကုသခြင်း၊ အင်ဆူလင်ဟော်မုန်း ဆေးထိုး၍ ကုသခြင်းတို့ဖြင့် ကုသနိုင်သည်။

ဆီးချို၊ သွေးချိုရောဂါကို အမြစ်ပြတ်အောင်ကုသ၍ မရသေးပေ။ သုတေသီပညာရှင်များ ကြိုးပမ်းရှာဖွေဆဲသာဖြစ်သည်။ ရောဂါဝေဒနာရှင်များသည် နည်းစနစ်မှန်ကန်စွာဖြင့် နေထိုင်ပြုမူခြင်း၊ စားသောက်ခြင်း၊ ဆရာဝန်ညွှန်ကြားသည့် ဆေးဝါးများမှီဝဲခြင်းတို့ဖြင့် သာမန်လူကောင်းများကဲ့သို့ နေထိုင်သွားလာနိုင်သည်ဖြစ်ရာ **"ဆီးချိုရောဂါရှိနေပါလည်း ချမ်းသာသုခမဆုံးရအောင်"** ကိုယ်တိုင်ကာကွယ် ထိန်းသိမ်းရမည် ဖြစ်သည်။

**ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရာတွင် မဖြစ်ခင်ပထမကာကွယ်ခြင်း၊ ရောဂါဖြစ်စတွင် နောက်မကျစေဘဲ ကုသခြင်းနှင့် ဆင့်ပွားရောဂါဖြစ်ပေါ်လာလျှင်လည်း စိတ်ဓာတ်မကျဘဲ နည်းမှန်လမ်းမှန်ဖြင့် ကုသခြင်းတို့ကို လက်ကိုင်ထား စောင့်ရှောက်ကြရမည်ဖြစ်သည်။**

မဖြစ်ခင် ပထမကာကွယ်ရာတွင် အစာလျှော့စားခြင်း၊ အထူးသဖြင့် ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို လျှော့စားခြင်း၊ အမျှင်ဓာတ်ပါသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများ စားသုံးခြင်း၊ တိရစ္ဆာန်မှရရှိသော ပြည့်ဝဆီများကို ရှောင်ကြဉ်ခြင်း၊ လျှော့စားခြင်း၊ ရှိသင့်သည့် ကိုယ်အလေးချိန်ထက်ပိုမလာအောင် ဂရုစိုက် ထိန်းသိမ်းခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ခြင်း၊ သွက်လက်တက်ကြွသော လူ့ဘဝနေထိုင်မှုဟန်ကို ကျင့်သုံးခြင်း၊ ရေဆာလျှင် အချိုရည်ဖြင့် ရေငတ်မပြေဘဲ ရေကိုသာ သောက်သုံးခြင်း၊ စိတ်ဖိစီးမှု လျော့နည်းနိုင်သမျှ လျော့နည်းအောင် လျှော့ချ၍ ပြုံးပြုံးရွှင်ရွှင်နေတတ်အောင် ကြိုးစားခြင်း စသည်တို့ဖြင့် ဆီးချို၊ သွေးချိုရောဂါကို ကာကွယ်နိုင်ပါသည်။

ရောဂါဖြစ်စတွင် နောက်မကျစေဘဲ ကုသရာတွင် ဆီးချို၊ သွေးချို ရောဂါကို စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ ရောဂါရှိနေပါက အဆင့်အတန်းမီ၍ ထိရောက်သော ကုထုံးများဖြင့် ကုသမှုခံယူခြင်း၊ နောက်ဆက်တွဲ ဆင့်ပွားရောဂါများကို စောစီးစွာ ရှာဖွေဖော်ထုတ်ကုသခြင်း တို့ဖြင့် ကုသရမည်။

ဆင့်ပွားရောဂါများကို စောစီးစွာရှာဖွေဖော်ထုတ်ရာတွင် မိမိ၏သွေးချိုဓာတ်ကို ပုံမှန်စစ်ဆေးပြီး မှတ်တမ်းပြုစုထားရှိခြင်း၊ အနည်းဆုံး တစ်နှစ် တစ်ကြိမ် မျက်စိကို စစ်ဆေးခြင်း၊ ကျောက်ကပ်ထိခိုက်မှုကို စောစီးစွာ ဖော်ထုတ်နိုင်ရန် ခြောက်လတစ်ကြိမ် စစ်ဆေးခြင်း၊ ခြေထောက်နှင့် ခြေဖဝါးများကို နေ့စဉ်ကြည့်ရှုစစ်ဆေးခြင်း၊ နှလုံးကို ပုံမှန်စစ်ဆေးခြင်း၊ သွေးတွင်း အဆီဓာတ်များကို ခြောက်လတစ်ကြိမ် ပုံမှန်စစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်လိုသူ အမျိုးသမီးများသည် ကျွမ်းကျင်သူဆရာဝန်နှင့် တိုင်ပင်ပြီးမှ ကိုယ်ဝန်ယူခြင်း၊ ဆီးချိုဓာတ်၊ သွေးတိုးရောဂါနှင့် သွေးတွင်း အဆီဓာတ်များကို ဆရာဝန်များနှင့် ပုံမှန်ပြသ၍ ကုသမှုခံယူခြင်းတို့ဖြင့် ကာကွယ်ကုသနိုင်သည်။

မည်သို့ပင်ဖြစ်စေ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်သည်ဖြစ်ရာ ဆီးချို၊သွေးချိုရောဂါ မဖြစ်ရအောင် ကြိုတင်ကာကွယ်ခြင်းသည်သာ လူတိုင်းအတွက် အကောင်းဆုံးဖြစ်ပေသည်။ ။




**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ ကွယ်လွန်သူ ဒေါ်လှကြည်အားရည်စူး၍ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာနေ ဦးဟုတ်လျှောင်မိသားစုက ငွေကျပ် ၁၂၀၀၀၀လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။** (က-ပ)

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဦးဉာဏ်ထွန်း–ဒေါ်ခင်ညွန့်ဦးတို့၏ (၄၁)နှစ်မြောက် မင်္ဂလာရက်မြတ်အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)






**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သည့် အိန္ဒိယပညာသင် ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ဇေယျလမ်းနေ ဒေါ်ဝင်းမိသားစု(မာမာစိုးအထည်ဆိုင်၊ မြေညီ၃၄၅၊ အဆင့်မြင့်မင်္ဂလာဈေး)က လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

# ရေနံကုဗမီတာ ၁ဒသမ ၅သန်း သိုလှောင်နိုင်မည့် မြေအောက်ရေနံသိုလှောင်ကန်များ စင်ကာပူတည်ဆောက်

**စင်ကာပူ မေ ၂၅**

စင်ကာပူနိုင်ငံတွင် အရေးပေါ်ရေနံအဖြစ် ရေနံကုဗမီတာ ၁ ဒသမ ၅ သန်း သိုလှောင်နိုင်ရန် မြေအောက် ရေနံလှောင်ကန်များ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း မေ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

မြေအောက်ရေနံလှောင်ကန်များကို တည်ဆောက်နေသော အဖွဲ့အစည်းမှာ အစိုးရ စီးပွားရေးလုပ်ငန်းဖြစ်သော ဂျေတီစီ ကော်ပိုရေးရှင်းဖြစ်သည်။ မြေအောက် ရေနံသိုလှောင်ကန်များကို စင်ကာပူ အနောက်တောင်ပိုင်း ဂျူရောင်းကျွန်းတွင် တည်ဆောက်လျက်ရှိသည်။ တည်ဆောက်မှုလုပ်ငန်းအတွက် ရန်ပုံငွေ စင်ကာပူဒေါ်လာသန်း ၇၀၀ သုံးစွဲမည်ဖြစ်ကြောင်း ဂျေတီစီ ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် အောင်ယန်ဖန်းက ပြောကြားသည်။

စင်ကာပူနိုင်ငံသည် အာရှ၏ ရေနံကုန်သွယ်ရေး အချက်အခြာနိုင်ငံဖြစ်သည်။ ယင်းနိုင်ငံတွင် ရေနံချက်စက်ရုံသုံးရုံရှိပြီး ရေနံချက်စက်ရုံတစ်ရုံကို စင်ကာပူ ရေနံလုပ်ငန်းကုမ္ပဏီက တစ်ဝက်ပိုင်ဆိုင်သည်။ ယင်းရေနံချက်စက်ရုံများက ထွက်ရှိသောရေနံကို သိုလှောင်နိုင်ရန် မြေပေါ်တွင် ရေနံလှောင်ကန်များ ထားရှိသည်။ ယင်းရေနံလှောင်ကန်များတွင် ရေနံစည်ပေါင်း ၆၃ သန်း ထည့်ထားနိုင်သည်။ ရေနံလှောင်ကန် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအချို့လည်း ရှိသည်။ ယင်းကုမ္ပဏီများ၏ ရေနံလှောင်ကန်များသည် ရေနံစည်ပေါင်း ၂၇ သန်းဆံ့သည်။ အခြားသော ကုမ္ပဏီများကလည်း ၂၀၀၈ ခုနှစ်ထက် နောက်မကျဘဲ ရေနံစည်ပေါင်း ၁၇ သန်း သိုလှောင်နိုင်မည့် ရေနံသိုလှောင်ကန်များကို တည်ဆောက်သွားရန် စီစဉ်ထားသည်။

မြေအောက်ရေနံ သိုလှောင်ကန်များတွင် ရေနံသိုလှောင်လိုသူ ကုမ္ပဏီများအားတင်ဒါခေါ်ယူထားပြီဖြစ်ကြောင်း အောင်ယန်ဖန်းက ပြောကြားသည်။

စင်ကာပူနိုင်ငံ၏ ရေနံသိုလှောင်နိုင်စွမ်းသည် ယခုအခါ စည်ပေါင်း ၆၄ ဒသမ ၅ သန်းရှိရာမှ ၂၀၀၈ ခုနှစ်တွင် စည်ပေါင်း ၇၉ ဒသမ ၈ သန်းအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ ရေနံသုံးစွဲမှုမှာ တစ်ရက်လျှင် စည်ပေါင်း ၇၆၃၀၀၀ ခန့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်းတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အမေရိကန်သံချပ်ကာယာဉ်တစ်စီးကို မေ ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*



အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်ကို မေ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# အိုလံပစ်အားကစားကွင်းများတွင် ဆေးလိပ်သောက်မှု ပိတ်ပင်မည်

**ပေကျင်း မေ ၂၅**

လာမည့်နှစ်တွင်ကျင်းပမည့် အိုလံပစ်အားကစားပွဲတော် ကာလအတွင်း အားကစားကွင်းများ၌ ဆေးလိပ်သောက်မှုကို ပိတ်ပင်ရန် တရုတ်အစိုးရက စဉ်းစားလျက်ရှိကြောင်း မေ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် အိုလံပစ်အားကစားပွဲတော်ကို ဆေးလိပ်ကင်းစင်သည့် အားကစားပွဲတော်အဖြစ် ကျင်းပရန်ရည်မှန်းထားကြောင်း၊ အိုလံပစ်အားကစားပွဲတော် ကျင်းပသည့်ကွင်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အိုလံပစ်ကျေးရွာတို့တွင် ဆေးလိပ်သောက်မှုကို ပိတ်ပင်မည်ဖြစ်ကြောင်း၊ ဥပဒေစည်းမျဉ်းကို ချိုးဖောက်သူများအား ၁၀ယွမ် (၁ ဒသမ ၃ဒေါ်လာ) ဒဏ်ငွေရိုက်မည်ဖြစ်ကြောင်း ပေကျင်းဒေလီသတင်းစာတွင် ရေးသားဖော်ပြသည်။

သို့ရာတွင် အများပြည်သူတို့စုဝေးရာနေရာတွင် ဆေးလိပ်သောက်နိုင်သည့်နေရာများကို သီးခြားသတ်မှတ်ပေးမည်ဖြစ်ကြောင်း သတင်းစာကရေးသားသည်။

ဆေးလိပ်ကင်းစင်သော အိုလံပစ်အားကစားပွဲတော်ကျင်းပရေးကို ၁၉၈၈ခုနှစ်မှစ၍ နိုင်ငံတကာ အိုလံပစ်ကော်မတီက စတင်လှုံ့ဆော်လာသည်။ ၁၉၉၂ခုနှစ်တွင် စပိန်နိုင်ငံ ဘာစီလိုနာ၌ကျင်းပသည့် အိုလံပစ်အားကစားပွဲတော်တွင်လည်း ဆေးလိပ်သောက်မှုကို ပိတ်ပင်ခဲ့သည်။

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သူ သန်း ၃၅၀ ရှိသည်။ ယင်းမှာ လူဦးရေ၏ ၂၆ရာခိုင်နှုန်းဖြစ်ပြီး ကမ္ဘာ့ဆေးလိပ်သောက်သူဦးရေ၏ သုံးပုံတစ်ပုံဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်မှုနှင့် ဆက်စပ်နေသော ရောဂါဘယများဖြစ်ပွားမှုကြောင့် နှစ်စဉ် လူပေါင်းတစ်သန်းခန့် သေဆုံးနေရသည်။

***အင်တာနက်။***

# ကနေဒါလေယာဉ် ဂီယာချို့ယွင်း

**အော့တဝါ မေ ၂၅**

ကနေဒါနိုင်ငံမှ လေယာဉ်တစ်စင်းသည် တိုရွန်တိုနိုင်ငံတကာလေဆိပ်သို့ ဆင်းသက်ရာတွင် ဂီယာချို့ယွင်းသည့် ပြဿနာနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ သို့ရာတွင်မည်သူတစ်ဦးတစ်ယောက်မျှထိခိုက်ဒဏ်ရာမရခဲ့ကြောင်း လေဆိပ်မှ တာဝန်ရှိသူများကအင်္ဂါနေ့တွင်ပြောကြားသည်။

အဆိုပါ လေယာဉ်သည် ကနေဒါ လေကြောင်းဌာနမှ စီအာအိုင်–၁၀၀ အမည်ရှိ ဂျက်လေယာဉ်ဖြစ်ပြီး ဂီယာချို့ယွင်းသွားခြင်း ဖြစ်သည်ဟု ကနေဒါလေကြောင်းဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးမာနွန်စတူးဝပ်က ပြောကြားသည်။

စီးနင်းလိုက်ပါလာသည့် ခရီးသည် ၃၇ဦးနှင့် လေယာဉ်ဝန်ထမ်းသုံးဦးတို့ ထိခိုက်ဒဏ်ရာမရရှိခဲ့ဟု စတူးဝပ်က ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# နိုင်ဂျီးရီးယားတွင် ရေနံလုပ်သားသုံးဦး ပြန်ပေးဆွဲခံရ

**ပို့ဟာကုတ်(နိုင်ဂျီးရီးယား) မေ ၂၅**

ဒိုင်းနမိုက်(ယမ်းဘီလူး)နှင့် စက်သေနတ်များ ကိုင်ဆောင်ထားသည့် စစ်သွေးကြွများဟု ယူဆရသူများက အိန္ဒိယနိုင်ငံသား ရေနံဓာတုအလုပ်သမားသုံးဦးကို နိုင်ဂျီးရီးယားနိုင်ငံ၏ ရေနံမြို့တော် ပို့ဟာကုတ်ရှိ ၎င်းတို့၏နေအိမ်မှ စနေနေ့တွင် ပြန်ပေးဆွဲခဲ့ကြောင်း ကြည်းတပ်က ပြောကြားသည်။

**ကယ်တင်**

သေနတ်သမားများသည်အင်ဒိုနီးရှားကုမ္ပဏီဖြစ်သော အင်ဒိုရာမားကုမ္ပဏီကခန့်ထားသည့် အလုပ်သမား၁၀ ဦးကို အစောပိုင်းတွင် ဖမ်းဆီးခဲ့ကြောင်း၊ သို့ရာတွင် ကြည်းတပ်တပ်ဖွဲ့ဝင်များက ၎င်းသေနတ်သမားများကို တိုက်ခိုက်ခဲ့ပြီး အလုပ်သမားခုနစ်ဦးကို ကယ်တင်ပေးခဲ့ကြောင်း ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ကြည်းတပ်ဖွဲ့ဝင်များနှင့် သေနတ်သမားများ အပြန်အလှန် ပစ်ခတ်ကြရာတွင် နိုင်ဂျီးရီးယားနိုင်ငံသား ယာဉ်မောင်းတစ်ဦး သေဆုံးသည်။ နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် ပြန်ပေးဆွဲ အဖမ်းခံထားရသည့် ပြည်ပအလုပ်သမား ဦးရေသည် ၁၅ ဦးရှိပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် ရေနံတင်ပို့မှု အဋ္ဌမအများဆုံးနိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံတွင် လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလမှစ၍ ပြန်ပေးဆွဲမှု ဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ လုံခြုံရေး အခြေအနေ ဆိုးရွားလာမှုကြောင့် ယင်းနိုင်ငံ၏ ရေနံထုတ်လုပ်မှု သုံးပုံတစ်ပုံ ကျဆင်းခဲ့ရသည်။***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၄၀၀ ကျော်သေဆုံး

**ဝါရှင်တန် မေ ၂၅**

အမေရိကန်တို့ဦးဆောင်ကာ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်သည့် ၂၀၀၃ခုနှစ် မတ်လမှစ၍ ယနေ့အထိကာလအတွင်း အီရတ်စစ်မြေ၌ သေဆုံးကြရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် အနည်းဆုံး ၃၄၃၃ ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်း၏ မှတ်တမ်းများအရ သိရသည်။

ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားသော အရပ်သားခုနစ်ဦးလည်း ပါဝင်သည်။ ဖော်ပြပါစာရင်းများအနက် ကန်တပ်ဖွဲ့ဝင် ၂၈၀၄ဦးမှာ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု စစ်ဘက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အေပီသတင်းဌာနမှ ထုတ်ပြန်သော သေဆုံးစာရင်းသည် အမေရိကန်စစ်ဘက်က ထုတ်ပြန်သောစာရင်းထက် ခုနစ်ဦးပို၍များပြားသည်။***အင်တာနက်။***

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ



တရုတ်နိုင်ငံ တိဗက်ဒေသ လာဆာမြို့တွင် မွေးမြူထားသော အာဖရိက မြင်းကျားများကို မေ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

# ဘိလပ်မြေထုတ်လုပ်မှု ပါကစ္စတန်မြှင့်တင်မည်

**အစ္စလမ္မာဘတ် မေ ၂၅**

ပါကစ္စတန်နိုင်ငံတွင် လာမည့်လေးနှစ်တာကာလ၌ နှစ်စဉ် ဘိလပ်မြေ တန်ချိန် ၄၅ သန်း ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ကြောင်း အစိုးရအထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ပြောကြားသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလကုန်ထက်နောက်မကျဘဲ ဘိလပ်မြေ တန်ချိန် ၃၇ သန်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီး ယူမာအယွတ်၏ ပြောကြားချက်ကို ပါကစ္စတန် စီအင်အန်ဘီစီ ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဥရောပတွင် ပြေးဆွဲနေသော ဂျာမန်အမြန်ရထား(ဝဲ)နှင့် ပြင်သစ်အမြန်ရထား(ယာ)နှစ်စင်းကို ပြင်သစ်နိုင်ငံ ပါရီမြို့ဘူတာရုံ၌ မေ ၂၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လက်ဘနွန်တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွက် လုံခြုံရေးကောင်စီ စိုးရိမ်မကင်းဖြစ်ကြောင်း ကြေညာ

**ကုလသမဂ္ဂ မေ ၂၅**

လက်ဘနွန်နိုင်ငံတွင်မကြာသေးမီက လူ ၆၀ သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက စိုးရိမ်မကင်းဖြစ်မိကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားသည်။

**ဖော်ပြထား**

ဖတာအယ်လ် – အစ္စလမ္မာစ်သေနတ်သမားများက လက်ဘနွန်လုံခြုံရေးတပ်ဖွဲ့နှင့် နိုင်ငံမြောက်ပိုင်း လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၌နှင့်ဖြစ်ပွားသော တိုက်ခိုက်မှုကို လုံခြုံရေးကောင်စီက ပြင်းထန်သည့် စကားလုံးများ အသုံးပြု၍ ရှုတ်ချသည်ဟု လုံခြုံရေးကောင်စီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

**ထိပါး**

ယင်းကဲ့သို့သော တိုက်ခိုက်မှုများသည် လက်ဘနွန်နိုင်ငံ၏ တည်ငြိမ်မှု၊ လုံခြုံမှုနှင့် အချုပ်အခြာအာဏာကို ထိပါးခြင်းဖြစ်၍ လက်ခံနိုင်စရာ မရှိကြောင်း၊ အထူးသဖြင့် ပါလက်စတိုင်းဒုက္ခသည်များ ပါဝင်သည့် အရပ်သူ၊ အရပ်သားများကို ကာကွယ်စောင့်ရှောက် အကူအညီပေးရန်လိုကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

**ရှုတ်ချ**

လူတစ်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိစေခဲ့သည့် ဘေရွတ်မြို့မှ နောက်ဆုံး တိုက်ခိုက်မှုနှင့် ပတ်သက်၍လည်း လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက ရှုတ်ချပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အီရတ်နိုင်ငံတွင် ကန်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် မေ ၂၆**

အီရတ်နိုင်ငံတွင် တွန်းလှန်တိုက်ခိုက်သူများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ ကြာသပတေးနေ့က သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန်စစ်ဘက်မော်တော်ယာဉ်တစ်စီးသည် ဘဂ္ဂဒက်မြို့တော်၏ အနောက်ပိုင်း ဒေသတွင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ သေဆုံးခဲ့သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ယင်းတိုက်ခိုက်မှုအတွင်း အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။

အီရတ်နိုင်ငံမြောက်ပိုင်း နီနဗီပြည်နယ်တွင် အမေရိကန်စစ်ဘက်မော်တော်ယာဉ်တစ်စီး အနီးဗုံးပေါက်ကွဲသဖြင့် အဆိုပါနေ့တွင်ပင် တတိယမြောက်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟုအခြားကြေညာချက်တစ်ရပ်တွင် ပါရှိသည်။

တွန်းလှန်တိုက်ခိုက်သူများ၏လက်ချက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ကြာသပတေးနေ့တွင် သေဆုံးခဲ့သည်ဟု စောစောပိုင်းကထုတ်ပြန်သည့် စစ်ဘက်ကြေညာချက်အရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# လော့စ်အိန်ဂျလိစ်ကမ်းခြေ အပန်းဖြေဒေသများ ရေအရည်အသွေးအဆင့် ကျဆင်းနေဟုဆို

**လော့စ်အိန်ဂျလိစ် မေ ၂၅**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ခရိုင်ရှိ ကမ်းခြေအပန်းဖြေစခန်းများသည် ပတ်ဝန်းကျင် မသန့်ရှင်းဆုံးသော ကမ်းခြေများအဆင့်တွင် ကျရောက်နေပြီဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာရေးအစီရင်ခံစာ တစ်စောင်တွင် ဖော်ပြထားသည်။

ဖော်ပြပါ အစီရင်ခံစာမှာ ပင်လယ်အော်ကိုစောင့်ရှောက်ပါဟူသည့်သဘာဝပတ်ဝန်းကျင်အဖွဲ့မှ လေ့လာပြုစုထားသော အစီရင်ခံစာဖြစ်သည်။ လော့စ်အိန်ဂျလိစ်ကမ်းခြေများရှိ ရေအရည်အသွေး အဆင့်အတန်းမမီဘဲ ကျဆင်းနေသည်မှာ နှစ်နှစ်ဆက်တိုက်ရှိသွားပြီဖြစ်သည်ဟု အစီရင်ခံချက်တွင် မှတ်ချက်ပြုထားသည်။

ထိုသဘာဝပတ်ဝန်းကျင်လေ့လာရေးအဖွဲ့သည် ကယ်လီဖိုးနီးယားပြည်နယ်ကမ်းခြေဒေသ နေရာပေါင်း ၅၀၀ နီးပါးမှ ရေနမူနာများကို နေ့စဉ်နှင့် အပတ်စဉ်ရယူပြီး ဘက်တီးရီးယားပိုးမွှားများ ပါဝင်မှုကို စစ်ဆေးမှု ပြုလုပ်သည်။ ယင်းအဖွဲ့သည် ဟမ်ဘွတ်ခရိုင်ဒေသမှသည် မက္ကဆီကို နယ်စပ်အထိ ကမ်းခြေဒေသတစ်လျှောက် တိုင်းတာမှု ပြုလုပ်ခြင်းဖြစ်သည်။ တိုင်းတာရာ၌ ရေ၏အဆင့်အတန်းကို အေအဆင့်အတန်းမှ အက်ဖ်အဆင့်အတန်းအထိ ရေအကောင်း၊ အဆိုးစံချိန်ကိုလိုက်၍ အတန်းအစားသတ်မှတ်ပေးသည်။

ရေတွင် ဘက်တီးရီးယား ပါဝင်နှုန်းမြင့်မားပါက အစာလမ်းကြောင်းဆိုင်ရာရောဂါ၊ နားနာသည့်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ယားယံခြင်းများကို ဖြစ်ပေါ်စေနိုင်သည် သာမက ရေနေသက်ရှိများ၏ ဘဝရှင်သန်ရေးကိုလည်း အန္တရာယ်ပြုသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ဂျကာတာမြို့တွင် ဖွင့်လှစ်

**ဂျကာတာ မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဂျကာတာတွင် ကြာသပတေးနေ့မှ စတင်ဖွင့်လှစ်သည့် တရုတ်စက်ပစ္စည်းနှင့် အီလက်ထရွန်နစ် ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံမှ ရှေ့ဆောင်ကုမ္ပဏီများ လာရောက်ပြီး အဆင့်မြင့်စိုက်ပျိုးရေး စက်ပစ္စည်းမှသည် မော်တော်ယာဉ်များအထိ ပြသကြသည်။

ယင်းပြပွဲ ကျင်းပခြင်းဖြင့် တရုတ်နိုင်ငံမှ ချယ်ရီမော်တော်ယာဉ် ကုမ္ပဏီနှင့် ဂီလီနိုင်ငံတကာ ကော်ပိုရေးရှင်းတို့က အင်ဒိုနီးရှားဈေးကွက်သို့ မကြာမီလများအတွင်းက ထိုးဖောက်နိုင်ခဲ့ပြီးနောက် ယင်းကုမ္ပဏီနှင့် အခြားတရုတ်မော်တော်ယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် ဈေးကွက်ချဲ့ထွင်မည့်အခွင့်အရေးရရှိစေမည်ဖြစ်သည်။

ချယ်ရီကုမ္ပဏီက အဆိုပါပြပွဲတွင် ဂရိတ်ဝေါမော်တော်ယာဉ်ကုမ္ပဏီနှင့်အတူ လာရောက်ပြသသည်။

***အမ်အင်အေ၊ဆင်ဟွာ။***






ဂျပန်နိုင်ငံ တိုကျိုမြို့ အရောင်းပြခန်း၌ ခင်းကျင်းပြသထားသော ရုပ်ကုမ္ပဏီထုတ် အယ်လ်စီဒီ အမျိုးအစား ၄၅လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကို မေ ၂၆ ရက် က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ တောင်ပိုင်းတွင် ဘယ်လ်ဂျီယံ ရှေးဟောင်းသုတေသီများ တူးဖော်တွေ့ရှိသည့် ရှေးဟောင်း အနုပညာလက်ရာများကို မေ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



# ထိုင်းတောင်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွား အမျိုးသမီးတစ်ဦးအပါအဝင် ငါးဦးသေဆုံး

**ယာလာ(ထိုင်း) မေ ၂၆**

ထိုင်းနိုင်ငံတောင်ပိုင်း၌ သီးခြားတိုက်ခိုက်မှုလေးခုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က မေ ၂၃ရက်တွင် ပြောကြားသည်။

**ဝင်ရောက်ပစ်ခတ်**

ယာလာပြည်နယ်တွင်မေ ၂၂ရက်က မျက်နှာဖုံး စွပ်ထားသူ သေနတ်သမား ၁၀ဦးကကျေးရွာတစ်ရွာအတွင်းသို့ ဝင်ရောက်ပစ်ခတ်ရာတွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးသွားသည်။ ထိုင်းတောင်ပိုင်းရှိ မငြိမ်မသက်ဖြစ်နေသောပြည်နယ် သုံးခုတွင် ယာလာပြည်နယ်လည်း ပါဝင်သည်။ သုံးနှစ်ကြာပြီဖြစ်သည့် အဆိုပါတိုက်ခိုက်မှုများကြောင့် လူ ၂၁၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

**ဒဏ်ရာရရှိ**

မေ ၂၃ရက်ကလည်း ယာလာပြည်နယ်၌ပင် သေနတ်သမားများက ပစ်ခတ်သွားသဖြင့် ဒေသခံအရာရှိတစ်ဦး သေဆုံးသွားသည်။ ဒေသအတွင်းကင်းလှည့်လာသော တပ်ဖွဲ့ဝင်များပါသည့်ကားကို ဗုံးဖြင့် တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

**တိုက်ခိုက်**

ပတ်ဝန်းကျင်ရှိ သန်တိုခရိုင်၌လည်း တပ်ဖွဲ့ဝင်များစီးနင်းလာသည့် ကားကို လမ်းဘေးထောင်ဗုံးဖြင့် တိုက်ခိုက်သည့်အတွက် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

## ❒ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်မှ

ဆက်လက်၍ နယ်မြေခံတပ် ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပျိုးခြံအမှတ်(၁)တို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် သစ်တောထိန်းသိမ်းရေးအပူပိုင်းဒေသကုန်းစောင်းမြေစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး သစ်တောဦးစီးဌာနဦးစီးအရာရှိဦးမြင့်အောင်ကကုန်းစောင်းမြေများ၌ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးနှင့် အော်ရေးရှားပင်များ စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဖိုးတန်သစ်များထပ်မံစိုက်ပျိုးရန်နှင့် လိုအပ်သည်များမှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်အတွင်း ခြံစည်းရိုးကြက်ဆူပျိုးခြံနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အပူပိုင်းဒေသကုန်းစောင်းမြေစိုက်ခင်းမှာ ဧက ၂၀ရှိပြီး အပင် ၆၀၆၀စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ နယ်မြေခံ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူလက်တွဲပြီးအင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသည့် တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီ ၃၅မိနစ်တွင် ပခုက္ကူမြို့နယ် မန်ကျည်းသုံးပင်ရွာအနီး ပခုက္ကူ–ပေါက်လမ်း မိုင်တိုင်(၂၃/၆)ရှိ မန်ကျည်းသုံးပင်ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ အဆိုပါ မန်ကျည်းသုံးပင်ရေလှောင်တမံစီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီးတမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအမြင့် ၄၄ပေ၊ တမံအလျား ၁၈၇၅ပေဖြစ်ပြီး ကန်ရေပြည့်ပမာဏမှာ ဧကပေ ၄၄၀ ဖြစ်ကာ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၄၇ဒသမ၅ ဧကဖြစ်သည်။ ရေထုတ်ပြွန်အမျိုးအစားမှာ ၁ ဒသမ ၅ပေအချင်းရှိ သံကူကွန်ကရစ်ပိုက်ဖြစ်ပြီး ရေပိုလွှဲအမျိုးအစားမှာ ကျောက်စီ၊ ပန်းရန်ဖြစ်ကာ ရေပိုလွှဲအကျယ်ပေ ၂၀ဖြစ်သည်။ တူးမြောင်းမကြီးအလျားပေ၈၀၀၀ဖြစ်ပြီး ဆည်ရေပေးဝေ ဧရိယာမှာ ဧက ၂၀၀ဖြစ်သည်။

တမံတည်ဆောက်ခြင်း လုပ်ငန်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီး ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းမှ မြေကြီးလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် တက်မတောင် သဘာဝ





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့နယ် မန်ကျည်းသုံးပင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

တောထိန်းသိမ်းရေးနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးက တက်မတောင်တန်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျန်ရှိနေသည့် မြေကွက်လပ်များတွင် အဖိုးတန်ကျွန်း၊ ပျဉ်းကတိုး စသည်များ ဖြည့်စွက်စိုက်ပျိုးရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူ–ပေါက်လမ်း မိုင်တိုင် (၂၅/၅) တက်မတောင် ရှုရပ်သို့ရောက်ရှိကြပြီး တက်မတောင်တန်းစိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှု၊ ထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးကာ ကျွန်း၊ ပျဉ်းကတိုးပင်များကို စိုက်ကွက်ငယ်များဖြင့် ပေါ်လွင်စွာ ရှင်သန်ဖြစ်ထွန်းအောင် ဖြည့်စွက်စိုက်ပျိုးသွားရန် မှာကြားသည်။ အဆိုပါ တက်မတောင်တန်း စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝတော ထိန်းသိမ်းရေး လုပ်ငန်းများကို မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်တို့၌ ဆောင်ရွက်ခြင်းဖြစ်သည်။ တက်မတောင်သည် အမြင့် ၁၁၂၇ပေ၊ အကျယ်ဧက ၂၆၅၀၀ဖြစ်ရာ ပေါက်မြို့နယ်၌ ဧက ၁၁၆၈၀ နှင့် ပခုက္ကူမြို့နယ်၌ ဧက ၁၄၈၂၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။ သစ်တောစိုက်ခင်းလျာထား ၅၆၃၅ ဧကနှင့် သဘာဝထိန်းသိမ်းလျာထားဧက ၂၀၆၀၀၊ မစိုက်ပျိုးနိုင်သော ဧရိယာမှာ ၂၆၅ဧကဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်(၂၆/၃)သို့ ရောက်ရှိကြပြီး သစ်ပင်များစိုက်ပျိုးထားရှိမှု၊ သဘာဝတောထိန်းသိမ်းမှုများကိုစစ်ဆေးကာ သစ်ပင်များတိုးချဲ့စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပခုက္ကူ–ပေါက်–ကျောက်ထုလမ်း မိုင်တိုင် (၃၄/၄) အနီးရှိသော ယောချောင်းလျှပ်စစ်ရေတင်စီမံကိန်း(ရေပြာ) တိုးချဲ့ရေတင်လုပ်ငန်း၌ ရေမြောင်းတိုးချဲ့ တူးဖော်မှုနှင့် စက်တပ်ဆင်မှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက ပေါက်မြို့နယ် ယောချောင်းလျှပ်စစ်ရေတင်စီမံကိန်း (ရေပြာ)ဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ် သမားတော်ကျေးရွာအုပ်စု ရေပြာကျေးရွာအနီး မိုင်တိုင်(၃၄/၅)ရှိ နှမ်းစပါး ပန်းတိုင်ဧရိယာဧက ၄၀၀ သီးထပ်ရင်ရွှေမြန်မာ နှမ်းစပါးစိုက်ကွင်း၌ မြေသြဇာ စုပေါင်းကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။အဆိုပါ နှမ်းစပါး ပန်းတိုင်ဧရိယာဧက ၄၀၀ သီးထပ်ရင် ရွှေမြန်မာစပါးစိုက်ကွင်း အမှတ်(၁၅၆၀)၊ (၁၅၅၂)နှင့် (၁၅၅၁) တို့၌ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူ–ပေါက်–ကျောက်ထုလမ်း မိုင်တိုင် (၃၄/၆)ရှိ အမှတ်(၂) ပေါက်တံတား (ရေပြာ)သို့ ရောက်ရှိကြပြီး တံတားကြီး၏ ကြံ့ခိုင်မှုကို ကြည့်ရှုကာ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းစစ်ဆေးသည်။ အဆိုပါတံတားမှာ ဘေလီတံတားဖြစ်ပြီး အရှည် ၁၄၉၈ပေ၊ အကျယ် ၁၂ပေ လေးလက်မဖြစ်ကာ ယာဉ်/ကုန်ခံနိုင်ဝန်မှာ ၁၃တန်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်(၄၂/၆)ရှိ အုန်းတောတံတားသို့ ရောက်ရှိကြပြီးတံတားကြီး၏ ကြံ့ခိုင်မှုကို ကြည့်ရှုကာ မော်တော်ယာဉ်ဖြင့် ဖြတ်သန်းစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ပေါက်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ပေါက်မြို့နယ် ထန်းတပင်ကျေးရွာအုပ်စု သရက်တောကျေးရွာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျေးရွာပြည်သူများအား ခြံစည်းရိုး ကြက်ဆူပျိုးပင်၊ မျိုးစေ့နှင့်ပျိုးကိုင်းများကို ပေးအပ်၍ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးပင် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ ပျိုးထောင်ပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ ပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ပြုလုပ်သည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမြေ ငါးဧက၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀ စိုက်ပျိုးထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့နယ် ပန်းဆန်ရွာအနီး မိုင်တိုင်(၀/၁)၌ကျင်းပသော ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများ ခြံစည်းရိုးကြက်ဆူမျိုးစေ့ချ ပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူ ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးမြေ ငါးဧက၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၆၀၀၀စိုက်ပျိုးကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပေါက်–ကျောက်ထုလမ်း မိုင်တိုင်(၀/၂)ရှိ မင်းလယ်တောရေလွှဲဆည်ရေသောက်ဧရိယာစိုက်ကွင်းသို့ ရောက်ရှိပြီး ကျောက်ထုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက မင်းလယ်တော ရေလွှဲဆည်ရေသောက်ဧရိယာအတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ ကျောက်ထုမြို့နယ်၌ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် မိုးစပါး၁၆၉၈၇ဧက၊ နွေစပါး ၂၆၄၈ ဧက စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် မိုင်တိုင်(၁၈/၆)နှင့် (၁၈/၇)ကြားရှိ အိုင့်ချိုင့် (ကျီးချောင်း) တံတား မိုးရွာသွန်းမှုကြောင့် ရေတိုက်စား မျောပါသွားသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရန် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည်မိုင်တိုင်(၂၁/၀)နှင့် (၂၂/၀)ကြား ထီးလင်းမြို့နယ် ထီးလင်းကျေးရွာအုပ်စု သရခါကျေးရွာအနီး ရေတိုက်စားခံရသည့် ကျည်ချောင်းတံတားကိုကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်ရန်လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးလင်းမြို့နယ် သရခါကျေးရွာ မိုင်တိုင် (၂၃/၀)၌ ကျင်းပသော ထီးလင်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သရခါ၊ ကျားခဲနှင့် ပုဏ္ဏားကျေးရွာပြည်သူများအား ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများဖြင့် ပျိုးထောင်ပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများ ပျိုးထောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ကျေးရွာပြည်သူများ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် စိုက်ပျိုးမြေ ၃ဒသမ ၅ဧက၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ၄၂၀၀ စိုက်ပျိုးကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးလင်းမြို့ အဝင် မိုင်တိုင်(၂၃/၃)ရှိ နွေစပါး ပန်းတိုင်ဧက ၃၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းက စိုက်ကွင်းအတွင်း ရွှေမြန်မာမျိုးစပါး စိုက်ပျိုးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ညနေ ၃နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့သို့ ရောက်ရှိကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။ ရှေးဦးစွာ ထီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းက ထီးလင်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ထို့နောက် မြို့နယ်ဆရာဝန် ဒေါက်တာတင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးမျိုးတင့်၊ မြို့နယ်ဆက်သွယ်ရေးမန်နေဂျာ ဒေါ်ချိုချိုစန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှမြင့်တို့က ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ယခင်က ဆက်သွယ်မှုခက်ခဲသော မြို့တစ်မြို့ဖြစ်သော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်မှုအခြေအနေမှာတစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှုကို အကျိုးရှိရှိအသုံးချပြီး ဒေသတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအပြင် စိုက်ပျိုးရေးတွင်လည်း စပါးတစ်မျိုးတည်းမဟုတ်ဘဲ ဒေသနှင့်ကိုက်ညီသည့် သီးထပ်သီးနှံများ၊ ပိန္နဲ၊ သရက်၊ ထောပတ်၊ တည်းစသည့် နှစ်ရှည်ပင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဂရုပြုကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်းမြို့ရှိ အ မှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးရာ ဆိုင်တာဝန်ခံ ဦးကျော်သီဟက အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ထီးလင်းမြို့ ၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာတင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတက်ရောက် ဆေးကုသနေသော အမျိုးသား အမျိုးသမီး လူနာဆောင်များနှင့်ခွဲစိတ်ပြီးအမျိုးသမီးလူနာဆောင်တို့ကို သွားရောက်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရေမျက်နီလမ်းဆုံသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဆွေက မြစ်သာရေလှောင်တမံစီမံကိန်း၏ စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်သာရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၂၀၅ပေ၊ အလျားပေ ၂၉၇၅၀ ဖြစ်သည်။ ကန်ရေပြည့်ပေ ၁၁၀၀ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၃၇၇၆၀၀ ဖြစ်ကာ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ ၅၇၈၈ ဧကဖြစ်သည်။ ရေလွှဲမြောင်းအလျားပေ ၁၄၃၀၀၊ အကျယ် ပေ ၁၀၀ဖြစ်ပြီးရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ်ဖြစ်ကာ ရေပိုလွှဲအကျယ်ပေ ၁၀၄၀ ဖြစ်သည်။ နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ဖြစ်ပြီး ဆည်ရေပေးနိုင်မည့် ဧရိယာ ဧက ၁၂၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင်(၁၀၈) ရှိ လောင်ထောင်ကြိုးဝိုင်း အကွက်(၁)၌ လေ့ကားထစ်စိုက်ပျိုးထားသော ဧက ၅၀ ခြံစည်းရိုး ကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးလင်း–ဂန့်ဂေါလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ဂန့်ဂေါမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

# သာသနာတော်တည်တံ့ရေး၏ လိုရင်းပမာဏမှာ ပရိယတ္တိသာဖြစ် ပရိယတ်တည်လျှင် သာသနာတော်တည်

ရန်ကုန် မေ ၂၆

**(၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနားၡ၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရ မိန့်ကြားအပ်သော သမ္ဗောဒနီယ သာရဏီယ သြဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**



**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ သာရဏီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူစဉ်။** (သတင်းစဉ်)

(၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ စာတော်ပြန်ပွဲ စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တစ်ပါး၊ မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒ ခုနစ်ပါး၊ ဒီဃဘာဏက လေးပါး၊ မူလ အာဘိဓမ္မိက နှစ်ပါး၊ ဝိနယဓရ ၁၁ပါး၊ ဥဘတော ဝိဘင်္ဂဓရ အပါး ၄၀ အားဖြင့် အောင်ပွင့်အောင်ပန်း အခန်းခန်းကို ရွှင်လန်းပန်ဆင် အာဇာနည်အရှင်မြတ် ၇၃ပါးတို့နှင့်တကွ နိုင်ငံတော် အစိုးရ အမှူးပြုသော ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ကိုယ်စား ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်ဖြစ်သော သမ္ဗောဒနီယ သာရဏီယသြဝါဒစကား မြွက်ကြားလိုပါသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ ထမ်းဆောင်ရမည့် သာသနာ့တာဝန်သည် ဝါသဓုရ၊ ပရိယတ္တိဓုရ ဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းသည် ဝါသဓုရ ဖြစ်ပါသည်။ စာပေကျမ်းဂန်ကို သင်အံကြိုးကုတ် အားထုတ်ခြင်းသည် ပရိယတ္တိဓုရ ဖြစ်ပါသည်။

ရဟန်းတော်တို့၏ ဝါသဓုရ၊ ပရိယတ္တိဓုရ နှစ်ပါးကို ပွားများကြိုးကုတ်အားထုတ်နေခြင်းသည် မြတ်စွာဘုရား သာသနာတော်ကို တရားဖြင့်ချီးမြှောက်ရာ၌ ချမ်းချမ်းသာသာ ချီးမြှောက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့်တကွ ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို လှူဒါန်းထောက်ပံ့ခြင်းသည် ပစ္စည်းတို့ဖြင့် ချီးမြှောက်သည့် အာမိသာနုဂ္ဂဟဖြစ်ပါသည်။

တိပိဋကစာပွဲဝင် စာအောင်အရှင်မြတ်တို့က သာသနာတော်ကို ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြခြင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့က ယခုကဲ့သို့ အာမိသပူဇာတို့ဖြင့် ပူဇော်ချီးမြှောက်ကြခြင်းသည် မြတ်စွာဘုရား သာသနာတော်ကို အရှည်ခံ၍ တည်တံ့အောင် သာသနာပြုကုသိုလ်ထူးကြီးကို ဆည်းပူးအားထုတ်ကြခြင်း ဖြစ်ပါသည်။

**"သာသနဋ္ဌိတိယာပန ပရိယတ္တိယေဝ ပမာဏံ၊ ပဏ္ဍိတောဟိ တေပိဋကံသုတွာ ဒွေပိ ပူရေတိ။ ပ။တသ္မာ ပရိယတ္တိယာဋ္ဌိတာယ သာသနံဋ္ဌိတံဟောတိ"**ဟူ၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၄၁၂၊ ၄၁၃)၊ ပါထိကဝဂ္ဂ အဋ္ဌကထာ (၈၂)တို့မိန့်မှာသည့်အတိုင်း သာသနာတော် တည်တံ့ရေး၏ လိုရင်းပမာဏမှာ ပရိယတ္တိသာဖြစ်ပါသည်။ ပညာရှိသည် ပိဋကသုံးပုံကို နာကြားသင်ယူပြီး ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်နှစ်ရပ်ကိုလည်း ဖြည့်ကျင့်နိုင်ပါသည်။ ပ။ ပရိယတ်တည်လျှင် သာသနာတော်တည်ပါသည်။

ထို့ကြောင့် တိပိဋကဓရ စာပွဲဝင်စာအောင်အရှင်မြတ်တို့သည် "ငါတို့သည် မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်သည်"ဟုလည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူ ပြည်သား ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကလည်း "ငါတို့သည် သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် အာမိသာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်သည်"ဟုလည်းကောင်း နှလုံးသွင်းဆင်ခြင်၍ ကြည်လင်ရွှင်လန်း ဝမ်းမြောက်နေသင့်ကြပါသည်။

တိပိဋကစာတော်ပြန်ပွဲ ဆင်နွှဲအောင်မြင် အာဇာနည်အရှင်မြတ်တို့ဘုရား**"ပရိယတ္တိနိဿာယ ပရိဝါရော ဥပ္ပဇ္ဇိ၊ ပရိဝါရံ နိဿာယလာဘော"**ဟူသော သုတ္တနိပါတ် အဋ္ဌကထာ(၁၉၃)လာ မိန့်မှာတော်မူချက်အရ ပရိယတ်ကိုအမှီပြု၍ တပည့်ဒါယကာများစွာဝန်းရံ အခြွေအရံများ ဖြစ်ပွားလာတတ်ပါသည်။ အခြွေအရံကိုအမှီပြု၍ လာဘ်လာဘပေါများလာတတ်ပါသည်။ ဖြစ်ပေါ်လာသည့် လာဘ်လာဘသည် စိတ်ဓာတ်မခိုင်သည့် ပုဂ္ဂိုလ်များအတွက် တိုးတက်ရေးဘက်ကို ဦးမတည်ဘဲ ဈာန်မဂ်ဖိုလ်တရားရရန်အတွက် အနှောင့်အယှက် အတားအဆီး ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် အရှင်မြတ်တို့၏အဆင့်မြင့်သော ပရိယတ္တိအောင်ပန်းဆင်မြန်းရခြင်းကို အမှီပြု၍ လာဘ်ပူဇော်သက္ကာများပြားလာပါက **"ဒါရုဏောဘိက္ခဝေလာဘသက္ကာရ သိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿယောဂက္ခေမဿအဓိဂမာယ"**ဟူသော နိဒါနဝဂ္ဂ သံယုတ်(၄၃၄) ဒါရုဏသုတ်လာသည့်အတိုင်း "လာဘ်ပူဇော်သက္ကာရများရခြင်း၊ ဂုဏ်သတင်း ကျော်စောခြင်းသည် ခက်ထန်လှ၏၊ ခါးစပ်လှ၏၊ ကြမ်းတမ်းလှ၏။ ယောဂလေးတန် ကုန်ရာ မှန်သော အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်ကိုရရန်အတွက် အနှောင့်အယှက်အန္တရာယ်ဖြစ်၏" ဟုနှလုံးသွင်းဆင်ခြင်တော်မူကြကာ ပရိယတ္တိလမ်းခရီးတွင် ဆုံးခန်းတိုင်မြောက် မရောက်သေးဘဲပြီးဆုံးလိုက်ရသော အခြေအနေမဖြစ်ရအောင် သတိဆောင်တော်မူကြ၍ နိဿရဏတ္ထပရိယတ္တိ ဖြစ်အောင် နှလုံးသွင်းဆင်ခြင်တော်မူကြပါဟု လျှောက်ထားလိုပါသည်။

နိဂုံးချုပ်လျှောက်ထားလိုသည်မှာ–

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာ၁၀ လဗ္ဘရေ။**

**နပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတုမဝိသယာ။**

**ပုညဝန္တဿ**–ပုဉ်းရှင်ကံရှင်သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ **သာသနံ** –အံ့ဖွယ်ရှစ်ဖြာ သာသနာတော်ကို၊ **ပုညဝန္တာ၁၀**–ပုဉ်းရှင်ကံရှင်သမ္ဘာရှင်ဖြစ်သော ပုဂ္ဂိုလ်တို့သည်သာလျှင်၊ **ပဂ္ဂဏှိတုံ**–ချီးမြှောက်ခြင်းငှာ–ဝါ–ချီးမြှောက်ခွင့်ကို၊ **လဗ္ဘရေ**–ရနိုင် ကြကုန်၏။ **အပ္ပပုညာ**–ဘုန်းကံနည်းပါးအောက်တန်းစားပုဂ္ဂိုလ်တို့သည်ကား၊ **အဝိသယာ** အရာမဟုတ်သည်၏ အဖြစ်ကြောင့်၊ **ကရဟစိ**–တစ်ရံတစ်ဆစ်မျှ၊ **ပဂ္ဂဏှိတုံ**–ချီးမြှောက်ခြင်းငှာ–ဝါ–ချီးမြှောက်ခွင့်ကို၊ **နလဗ္ဘရေ**–မရနိုင်ကြကုန်–ဟူသောဒေသနာအရ တိပိဋကစာပွဲသဘင်အောင်ပန်းဆင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးရှိသော ပြည်သူပြည်သား၊ ဥပါသကာ၊ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့သည် "ငါတို့သည်ကား ပုဉ်းရှင်ကံရှင်သမ္ဘာရှင်ဖြစ်ကြသောကြောင့်သာ ပုဉ်းရှင်ကံရှင်သမ္ဘာရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ချီးမြှောက်ခွင့်ရနေကြပေသည်တကား"ဟု ပီတိသောမနဿအဆင့်ဆင့်ပွားလျက် ဘုရားမြတ်စွာ သာသနာတော်ကို စဉ်ဆက်မပြတ်အားပေးချီးမြှောက် ထောက်ပံ့နိုင်ကြပါစေ"ဟု ပတ္ထနာပြုလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သမ္ဗောဒနီယသာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ် ပါသည် ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့။ ။

# ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ကျောက်တလုံးကျောင်းစု စံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေး အလှူတော်ငွေ ပေးအပ်ပွဲကျင်းပ

## အလှူငွေလက်ခံ

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် လယ်ဝေးမြို့နယ် ကျောက်တလုံးကျောင်းစု စံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေး အတွက် အလှူရှင်တစ်ဦးထံမှ အလှူငွေများကိုလက်ခံစဉ်။**

(သတင်းစဉ်)



နေပြည်တော် မေ ၂၆

**ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ကျောက်တလုံးကျောင်းစု စံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေး အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျောင်းတိုက်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားရာတွင် ကျောက်တလုံး ကျောင်းစု စံပြကျေးရွာသည် ချောင်းမငယ် ရေလှောင်တမံ၏ ရေဝပ်ဧရိယာ ဖြစ်ခြင်းကြောင့် ပြောင်းရွှေ့ခဲ့ရသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း၊ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဖြစ်သည့် စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဆေးပေးခန်း အစရှိသည်တို့ကို စံပြကျေးရွာ၏ အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ ကျေးရွာ ဘုန်း တော် ကြီး ကျောင်း ကို လည်း ဆောက်လုပ်လှူဒါန်းရန် ရည်ရွယ်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်က မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ကျောက်တလုံးကျောင်းစု စံပြကျေးရွာ၏အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော CB Bank နှင့် ACE ကုမ္ပဏီတို့က ငွေကျပ် သိန်း ၃၀စီ၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သိန်း ၂၀၊ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လုပ်ငန်းရှင်များက ငွေကျပ် ၂၆သိန်း၊ ရောရှော်ဝါ ကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ (K) ကုမ္ပဏီနှင့် ရွှေသပြေ ကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ၊ MAX မြန်မာ ကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့နယ် ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် ၁၃သိန်း လေးသောင်း အပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ် ၁၆၉သိန်း လေးသောင်းကို ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက လက်ခံပြီး လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရန်အောင်မြင်ကျေးရွာအုပ်စု တောင်သူ ဦးအောင်သန်း၏ နှမ်းစပါးစိုက်ကွင်း အမှတ် ၁၈၂၈သို့ သွားရောက်ကြပြီး စပါးရိတ်စက်၊ ခြွေလှေ့စက်များဖြင့် နွေစပါး ရိတ်သိမ်းခြွေလှေ့နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးက စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

အဆိုပါ စိုက်ကွင်း၌ ရွှေသွယ်ရင် စပါးမျိုးကို စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် စပါးတင်း ၁၀၇တင်းကျော် ထွက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၂၅ ရက် မှ ၃၁ ရက်အထိ
စိတ်ဓာတ် ကိုယ်ကာယ ပညာ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

# အခြေခံပညာ အထက်တန်းအဆင့်ဆရာများ မွမ်းမံသင်တန်းဆင်း ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန်　　မေ　　၂၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာပြဆရာများ မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကားပြောကြားသည်။

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေး ဝန်ကြီးဌာန အခြေခံပညာ အထက်တန်း အဆင့် ဓာတုဗေဒ၊ ဇီဝဗေဒ နှင့် ဘောဂဗေဒ ဘာသာပြ ဆရာများ မွမ်းမံသင်တန်း ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (ပညာရေး)





အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆရာ၊ ဆရာမများ သင်ကြားမှု အရည်အသွေးပြည့်ဝရေးအတွက် အခြေခံပညာအဆင့်အလိုက် သင်ကြားရေး မွမ်းမံသင်တန်းများကို ၂၀၀၆ ခုနှစ်မှစ၍ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းကို တက္ကသိုလ်ဒီဂရီကောလိပ် ၃၀ တွင် ဖွင့်လှစ်ပြီး ဆရာ၊ ဆရာမ ၆၈၅၇ ဦးကို လေ့ကျင့်ပေးပြီးဖြစ်ကြောင်း၊ ယခုနှစ် မတ် ၂၈ မှ မေ ၂၅ အထိ တက္ကသိုလ်ဒီဂရီကောလိပ် ၃၄ ခုတွင် ဖွင့်လှစ်သည့် အခြေခံပညာ အထက်တန်းအဆင့် ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းတွင် ဆရာ၊ ဆရာမ ၅၃၇၄ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ အရည်အသွေးပြည့်ဝသည့် ဆရာ၊ ဆရာမများက အရည်အသွေးမြင့်မားသည့် နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ မွမ်းမံသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ကြသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ မြို့နယ်ရှိ ဆရာ၊ ဆရာမများအား ဘာသာရပ်အလိုက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချသွားကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**ချီးမြှင့်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က ဓာတုဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာပြ ဆရာ၊ ဆရာမများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ်ကြီးတွင် ဝေယျာဝစ္စဆောင်ရွက်ရန်အတွက် လသာမြို့နယ် ၁၉ လမ်းနေ ဖခင် ဦးမြင့်လွင်အား ရည်စူး၍ ဒေါ်တန်ဖုန်လျန် မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ တရားဟော ဓမ္မကထိက ဆရာဦးသိန်းဆွေ (ဓနုဖြူ)နှင့် ဥက္ကဋ္ဌ ဦးကျော်ဦးတို့ လက်ခံရယူစဉ်။ (က–ပ)



ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စူနီရမ်ပတ် သုခဝတီလမ်းနေ ဦးစိန်–ဒေါ်လှကြည်နှင့် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ် ငါးသိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တကောဏ္ဍညာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ကွယ်လွန်သူ ဒေါ်မြတင်အားရည်စူး၍ ဒဂုံမြို့သစ်မြောက်ပိုင်း ၄၁ ရပ်ကွက် သဇင်မြိုင်လမ်းနေ ဦးဘခင် (နဂါးကမ္ဘာလုံးစားသောက်ဆိုင်) မိသားစုက နှင်းဆီကုန်းဘိုးဘွားရိပ်သာ သုံးထပ်ဆောင်သစ်ကြီးနှင့် ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်

၂၀၀၇ ခုနှစ်　　မေ　　၂၆

**၁။ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုနှင့် ထိန်းချုပ်နိုင်မှု** ရန်ကုန်တိုင်းအတွင်း ၂၈–၂–၂၀၀၇ ရက်မှ ၃၁–၃–၂၀၀၇ ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော မြို့နယ် ငါးမြို့နယ်တွင် ရောဂါ ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်၍ ၎င်းငါးမြို့နယ်အတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ရွှေ့ပြောင်း သယ်ယူပို့ဆောင်မှု၊ ဈေးများ အတွင်းရောင်းချမှု ကန့်သတ်ထားခြင်းများကို ၂၂–၄–၂၀၀၇ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း။

**၂။ရောဂါထိန်းချုပ်နိုင်ပြီးနောက် ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်မှု (Post-outbreak Surveillance)** ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် (After outbreak containment) ရောဂါပိုးအကြွင်းအကျန် လည်ပတ်နေမှု ရှိ၊ မရှိ သိရှိနိုင်ရေးအတွက် ရောဂါဖြစ်ပွားခဲ့သည့် ခြံများ၏ သုံးကီလိုမီတာ ပတ်လည်ရှိ ကြက်၊ ဘဲခြံအားလုံးနှင့် ခုနစ်ကီလိုမီတာ ပတ်လည်ရှိ ကြက်၊ ဘဲခြံအရေအတွက်၏ ၃၀ ရာခိုင်နှုန်းမှ သွေးရည်ကြည်နမူနာနှင့် စအိုတို့ဖတ် နမူနာများကို ရယူစစ်ဆေးလျက်ရှိကြောင်း။

**၃။ စစ်ဆေးတွေ့ရှိချက်များ (Detection and identification)** အထက်ပါ သတ်မှတ်နယ်မြေများအတွင်း ကြက်ခြံ ၉၅ ခြံရှိ ကြက်၊ ဘဲ ၄၄၀၀၀ မှ သွေးရည်ကြည်နမူနာနှင့် စအိုတို့ဖတ်နမူနာ ၅၄၀၀ ကို ရယူစစ်ဆေးခဲ့ရာ ဘဲခြံတစ်ခြံမှရရှိသည့် သွေးရည်ကြည်နမူနာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဆန့်ကျင်ပစ္စည်း(ပဋိပစ္စည်း)တွေ့ရှိရသော်လည်း စအိုတို့ဖတ်နမူနာတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် မတွေ့ရှိရကြောင်း၊ ဥစားကြက်ခြံ တစ်ခြံမှရရှိသည့် သွေးရည်ကြည်နမူနာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဆန့်ကျင်ပစ္စည်း (ပဋိပစ္စည်း)မတွေ့ရှိရသော်လည်း စအိုတို့ဖတ်နမူနာတွင် ကြက်လည်လိမ်ဗိုင်းရပ်စ်နှင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်နှစ်မျိုးလုံး (Co-infection) တွေ့ရှိရကြောင်း၊ ကျန်ကြက်ခြံ ၉၃ ခြံတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကင်းရှင်းသည်ကို တွေ့ရှိရကြောင်း (No evidence of NAI infection)။

**၄။ အရေးယူဆောင်ရွက်ချက် (Rapid response)**

(က) **ကြက်ငှက်တုပ်ကွေးရောဂါပဋိပစ္စည်းတွေ့ရှိသောဘဲခြံ** မွေးမြူထားသော ဘဲများကို ရွှေ့ပြောင်းခြင်းမပြုရန်နှင့် ဘဲသားပေါက်များ ထုတ်လုပ်ရောင်းချခြင်းမပြုရန် ညွှန်ကြားထားပြီး စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း။

(ခ) **ကြက်လည်လိမ်ဗိုင်းရပ်စ်နှင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် နှစ်မျိုးလုံးတွေ့ရှိသော ကြက်ခြံ** ရောဂါစူးစမ်းရှာဖွေစစ်ဆေးစဉ်ကာလအတွင်း ဗိုင်းရပ်စ်စစ်ဆေးတွေ့ရှိရသဖြင့် အခြားကြက်၊ ငှက်များသို့ ပျံ့နှံ့ကူးစက်မှုမရှိစေရေးအတွက် အဆိုပါ ကြက်ခြံရှိ ကြက်များနှင့် အစာများအား မြေမြှုပ်ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ဇီဝလုံခြုံမှုတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း။

(ဂ) **ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှု** အရှိန်အဟုန်မြှင့်၍ ပိုမိုစူးစိုက် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**၅။ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်၏ တည်တံ့နိုင်မှု (Virus Persistence)** ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်သည် စိုထိုင်းဆနှင့် အပူချိန်နိမ့်ကျလျှင် ပိုမိုကြာရှည်စွာ ရှင်သန်နိုင်ကြောင်း၊ စိုထိုင်းဆမြင့်မားပြီး အပူချိန်နိမ့်ကျပါက ကြက်မစင်အတွင်းရှိ ဗိုင်းရပ်စ်သည် ပိုမိုကြာရှည်စွာရှင်သန်နိုင်ကြောင်း၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်သည် ၂၂ စင်တီဂရိတ်ရှိရေတွင် လေးရက်၊ သုညဒီဂရီစင်တီဂရိတ်ရှိရေတွင် ၃၀ရက် ရှင်သန်နိုင်ကြောင်း၊ ကြက်၊ ငှက်များကိုသုတ်သင်ပြီး ကြက်ခြံရှိ ဖုန်မှုန့်ထဲတွင် တည်ရှိသောဗိုင်းရပ်စ်သည် ပိုးသတ်ဆေး စနစ်တကျ မဖျန်းပါက နှစ်ပတ်ခန့် ရှင်သန်နိုင်ကြောင်း။

**၆။ သုံးသပ်ချက်** ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်အကြွင်းအကျန် ရှိနေနိုင်သေးကြောင်း။

**၇။ ကျန်းမာရေးထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း** ထုတ်လုပ်မှု မထိခိုက်စေရေး၊ မွေးမြူသူ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြက်၊ ဘဲ၊ ငုံးခြံများတွင် တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးခြင်း၊ အခြား ပြည်နယ်၊ တိုင်းသို့ သယ်ယူမည့် ကြက်၊ဘဲ၊ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများအား စစ်ဆေး၍ ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

**၈။ တိရစ္ဆာန်ကျန်းမာရေးသတိ** ရောဂါစူးစမ်းရှာဖွေရေးအရ ရန်ကုန်တိုင်းအတွင်းရှိ ဥစားကြက် မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး အကြွင်းအကျန်တွေ့ရှိရသဖြင့် ရောဂါထိန်းချုပ်မှု ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် တစ်ကြော့ပြန်မဖြစ်ပွားစေရေးအတွက် ပြည်သူလူထုနှင့် မွေးမြူသူများအနေဖြင့် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။–

(က) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်၊ ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်သည့်နည်းဖြင့် သေဆုံးမှုတွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်/ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာ သတင်းပို့ရန်။

(ဂ) ရောဂါဖြစ်ပွားသည့် ကြက်၊ ငှက်များနှင့် ယင်းကြက်၊ငှက်ထွက်ပစ္စည်းများကို ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊ ကြက်၊ ငှက်အသေကောင်များ၊ ကြက်၊ ငှက်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမပြုဘဲ စနစ်တကျမြေမြှုပ်ရန်။

(ဃ) ကြက်၊ ငှက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်း ကြက်၊ငှက်ခြံမှထွက်တိုင်း လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်း ဆောင်ရွက်ရန်။

(င) အစာအိတ်၊ ကြက်သားပေါက်ထည့်ဘူးအသစ်များကို အသုံးပြုရန်၊ ကြက်ခြင်း၊ ကြက်ဥ၊ သယ်တန်း စသည့် အသုံးဆောင်ပစ္စည်းများကို သန့်စင်ပိုးသတ်ပြီးမှ ပြန်လည်အသုံးပြုရန်။

(စ) ရောဂါစူးစမ်းရှာဖွေခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

# တောင်တန်းသာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် အလှူငွေနှင့် သက်န်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၆

**သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန တောင်တန်းသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေနှင့်သင်္ကန်းများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်၍ အလှူငွေနှင့်သင်္ကန်းများကို လက်ခံသည်။**

လှူဒါန်းပွဲသို့ အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင် အိန္ဒိယသမ္မတနိုင်ငံတွင် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗုဒ္ဓပိယက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၈၅၀၀ နှင့် ယူရို ၃၀၀၀ ကို ဒါယကာ တစ်ဦးကလည်းကောင်း၊ အလှူရှင်သီရိသုဓမ္မသီဂီ ဒေါ်ခင်နန်းမွန် သား၊ သမီး၊မြေးတစ်စုက သင်္ကန်းဒွိစုံ ၂၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ တောင်တန်းသာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူရှင်အိန္ဒိယသမ္မတနိုင်ငံတွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်နေသည့်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဗုဒ္ဓပိယ၏ လှူဒါန်းငွေအား ဒါယကာတစ်ဦးက လှူဒါန်းစဉ်။** (သတင်းစဉ်)





# ပန်းတဥ်းတန်း အရုဏ်တော်ဝတ်အသင်း မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ပန်းတဥ်းတန်း အရုဏ်တော်ဝတ်အသင်း ဓမ္မာရုံကြီး တွင် ယမန်နေ့က နဝမအကြိမ်မြောက် မဟာပဋ္ဌာန်းမြတ် ပူဇော်ပွဲကို ကျင်းပသည်။

အခမ်းအနားသို့ အသင်းကြီး၏ ဩဝါဒါစရိယဆရာတော် သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတ၊ ဗားကရာတိုက် ရွှေလှိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သံဝရဇောတိနှင့် သံဃာတော်အရှင်သူမြတ်များ၊ အသင်းဥက္ကဋ္ဌ ဦးတင်ရွှေနှင့် အသင်းသား အသင်းသူများ၊ အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် မှန်ကျောင်းဆရာတော်က ပဓာနဩဝါဒကထာမြွက်ကြား၍ ရွှေလှိုင်ဆရာတော်ထံမှ ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး**(ဓါတ်ပုံ)** ဗားကရာတိုက်မှ ပဋ္ဌာန်းဆရာတော်ဘဒ္ဒန္တတေဇောဘာသကစတင်၍ မဟာပဋ္ဌာန်းမြတ်အဖွင့်ဂါထာကိုရွတ်ဆိုကာ အလှည့်ကျ သံဃာတော်များက မဟာပဋ္ဌာန်းမြတ်ကို ရွတ်ဆိုပူဇော်တော်မူကြသည်။ မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲကို မေ ၂၆ မှ ၃၁ရက်အထိ ရွတ်ဆိုပူဇော်ကြမည်ဖြစ်ပြီးပဋ္ဌာန်းအောင်ပွဲ(ပိတ်ပွဲ) အခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် အသင်းဓမ္မာရုံကြီးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)





# GSM Care Center မှ Mobile Phone Handsets Modelသစ်များ ရှင်းလင်း

ရန်ကုန် မေ ၂၆

**GSM Care Center မှ ရောင်းချလျက်ရှိသော Mobile Phone Handsets Model အသစ်များနှင့် စပ်လျဉ်း၍ရောင်းချမှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုအစီအစဉ်များကို Mobile Phone အသုံးပြုလျက်ရှိသော Customer များသိရှိနိုင်ရန် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ Yangon City Star Hotel၌ကျင်းပရာ ပြင်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ GSM Care Center မှ General Manager ဦးတင်ဝင်းလှိုင် **(အပေါ်ပုံ)** က မိတ်ဆက်စကားပြောကြားပြီး Marketing Manager ဦးသီဟက Mobile Phone Handsets Model အသစ်များနှင့် စပ်လျဉ်း၍ ရောင်းချမှု၊ ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှု အစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

GSM Care Centerကို Singapore နိုင်ငံရှိ FX Technology Group မှ Hard Ware Soft Ware နည်းပညာများကို အပြည့်အဝပံ့ပိုးပေးခြင်း၊ Singapore နိုင်ငံမှ FX Technology Group ၏ အသိအမှတ်ပြု Certificate လက်မှတ်ရရှိခြင်း၊ Singapore Internet Website တွင်ရောင်းချသော ဖုန်းများအားလုံး၏ IMEI နံပါတ်များ (စက်နံပါတ်)ကို ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်နေခြင်း၊ Singapore နိုင်ငံရှိ FX Technology Group မှ တီထွင်ထားသော Java Game များကို GSM Care Center မှ Hand Phoneကိုင်ဆောင်သူများ အားအခမဲ့ ထည့်သွင်းပေးခြင်း၊ Hand Phone ဝယ်ယူသူတိုင်းအား FX Technology Group မှ Warranty Soft Ware Systemအသုံးပြု၍ တစ်နှစ်အာမခံပေးခြင်း၊ Singapore Handset အသစ်၊ အစစ်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချခြင်း၊ ပြည်ပတွင် သွားရောက် ပညာသင်ယူထားသော ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ဖွဲ့စည်းထားသည့် Service Team ထားရှိခြင်း၊ ဝယ်ယူသော Customer အားရွေးချယ်မှု မှန်ကန်စေရန်၊ ဝယ်ယူသည့် တန်ဖိုးနှင့် ညီမျှသောပစ္စည်း၊ ဝန်ဆောင်မှုများ ရရှိစေရန်၊ စိတ်ကျေနပ်မှုအပြည့်အဝ ရရှိစေရန် ရှင်းလင်းပြောပြပေးမည့် Sales & Marketing Group ရှိခြင်း၊ GSM Care Center မှ ဝယ်ယူသွားသော ဖုန်းများကို Ring Tone Wall Paper Mp 3 သီချင်းများ ထည့်သွင်းခြင်းများကို တစ်နှစ်အတွင်း အကြိမ်အကန့်အသတ်မရှိ ထည့်သွင်းခြင်းတို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

သိရှိလိုသည်များနှင့် စပ်လျဉ်း၍ GSM Care Mobile Phone Handsets & Accessories (Sales & Service Center) ကို လသာမြို့နယ် လမ်းမတော်လမ်း လမ်းမတော်ပလာဇာ အမှတ် (၀၁/၁၂) ဖုန်း ၀၁- ၃၉၅၆၀၀ သို့ စုံစမ်းဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**မော်ဘီမြို့ အမှတ်(၁၂)ရပ်ကွက်၌ မော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအုန်းလွင်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မေ၂၀ ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့် ကြပ်မတ်ဆောင်ရွက်စဉ်။** (သတင်းစဉ်)



# မြန်မာဘိလိယက်အဖွဲ့ အာရှပြိုင်ပွဲသို့ထွက်ခွာ

**ရန်ကုန် မေ ၂၆**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် မေ ၂၆ ရက်မှ ဇွန် ၂ရက်အထိ ကျင်းပမည့် (၆)ကြိမ်မြောက် အာရှဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၌ မြန်မာဘိလိယက် အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးကျော်နိုင်ဦးကဆောင်ရွက်ပြီး အားကစားသမားများအဖြစ် အောင်ဆန်းဦး၊ နေသွေးဦးနှင့် အောင်ဌေးတို့ပါဝင်ပြီး **(ဓါတ်ပုံ)** မေ ၂၄ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

(အား/ကာ)



# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၂၇-၅-၂၀၀၇ (တနင်္ဂနွေနေ့)

### နံနက်ပိုင်း

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာ့သံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

### နေ့လယ်ပိုင်း

| | |
|---|---|
| ၁၂:၀၀ | ၁။ မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် "ရေဒီယိုလှိုင်းအမှတ် ၁၀၀ ဒသမ ၄"** |
| ၁:၅၀ | ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁:၅၅ | ၇။ အပိတ်နှုတ်ဆက်စကား |
| ၂:၀၀ | ၈။ ပြီးပါပြီ။ |

### ညပိုင်း

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၂၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၅ | ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၄၅ | ၆။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၇။ သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၉။ နိုင်ငံတကာသတင်း |
| ၆:၁၅ | ၁၀။ မိုးလေဝသသတင်း |
| ၆:၂၀ | ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၂။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၅ | ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း-၂၁)** |
| ၈:၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ ပဟေဠိနန်းတော် |
| | ၁၈။ ကျန်းမာသုတ |
| | ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အထူးရဲ" (အပိုင်း-၉)** |
| | ၂၁။ သင့်အတွက်မနက်ဖြန် |
| | ၂၂။ အပိတ်နှုတ်ဆက်စကား |
| | ၂၃။ ပြီးပါပြီ။ |

# ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၆

**ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာပေးအပ်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီတွင် ပြည်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အမျိုးသမီးရေးရာ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံးက လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ် ဒေါ်ခင်မာဝေက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပြည်ခရိုင် ဥပဒေအရာရှိ ဒေါ်ခင်လေးညိုက အမျိုးသမီးများရရှိပြီးသော အခွင့်အရေးများဆိုင်ရာ ဥပဒေ အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။**

ယင်းနောက် သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မို့မို့ဦးက အဖွဲ့ဝင်အဆိုပြုလွှာ စောင်ရေ ၁၆၀ ကို ပေးအပ်ရာ အဖွဲ့ နာယက ဒေါ်သိန်းပိုင်က လက်ခံရယူပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အဖွဲ့ဝင် စိစစ်ရေးကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ကျောင်းအုပ် ဆရာမကြီးအား ပြန်လည်ပေးအပ်သည်။

### ဟောပြော

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်နှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ကွန်ပျူတာ တက္ကသိုလ်(ပြည်)ခန်းမတွင် ကျင်းပသည့် အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် အဖွဲ့ဝင်အဆိုပြုလွှာ ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကက အဖွင့်အမှာစကား ပြောကြားကာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်း၊ ပဲခူးတိုင်း(အနောက်ပိုင်း) လူမှုဝန်ထမ်း ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံး၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ် ဒေါ်ခင်မာဝေနှင့် ပြည်ခရိုင် ဥပဒေအရာရှိ ဒေါ်ခင်လေးညိုတို့က အသီးသီး ဟောပြောကြသည်။

ကွန်ပျူတာ တက္ကသိုလ် (ပြည်) ခေတ္တ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်သန်းနွဲ့အောင်က အဖွဲ့ဝင် အဆိုပြုလွှာ ၂၀၄ စောင်ကို ပေးအပ်ရာ နာယက ဒေါ်သိန်းပိုင်က လက်ခံရယူပြီး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်အုန်းက အဖွဲ့ဝင် စိစစ်ရေးကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ကျောင်းအုပ် ဆရာမကြီးများအား ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် အဖွဲ့ဝင် အဆိုပြုလွှာ ပေးအပ်ပွဲတွင် ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# မဟာသမယ သုတ္တန်တရားတော် အသံလွှင့်ဟောကြားမည်

**ရန်ကုန် မေ ၂၆**

၁၃၆၉–ခုနှစ် နယုန်လပြည့် (မဟာသမယ အခါတော်နေ့)၊ မေ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သိရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဆရာတော် ငါးပါးတို့က **“မဟာသမယ သုတ္တန်တရားတော်”**နှင့် **“မဟာသမယသုတ်ပါဠိတော်များ”**ကို အသံလွှင့် ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပန်းတိုင်းတင့်ဝေ ဖူးပွင့်စေ

- ကျောင်းနေရွယ်များ အားလုံးအား ကျောင်းထားအမြန် အပ်နှံစေ၊
- ပညာရေးဌာန ကြိုးပမ်းရ ပြည့်ဝမသွေ အပ်နှံစေ၊
- မိဘပြည်သူ ပြည့်ဝကူ ကြည်ဖြူထက်သန် အပ်နှံစေ၊
- တစ်ယောက်မကျန် ကျောင်းအပ်နှံ ဇောန်ကလေးတိုင်း စာတတ်စေ၊
- မူလတန်းသင် အားလုံးလျှင် ကျွမ်းကျင်အခြေခံ တတ်ကြစေ၊
- မိဘဆရာ သက်ဆိုင်ရာ စဉ်သာကြိုးကုတ် အားထုတ်စေ၊
- ယခုမှန်တတ် အနာဂတ် ကျိုးမြတ်လှိုင်ဝေ ရရှိစေ။

**ဒေါက်တာသန်းဦး**

● **NLD ပါတီမှ**

နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်အောင် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေသည်ကို NLD ပါတီ ခေါင်းဆောင်များက လွန်စွာနှစ်ထောင်းအားရ ဝမ်းသာနေမှုကြောင့် ၎င်းအနေဖြင့် လွန်စွာစိတ်ပျက်မိကြောင်း၊ ထို့အပြင် မသိနားမလည်သော လူငယ်များကို နိုင်ငံရေးအရောင်အသွေး ရောယှက်စေကာ ဘုရားများပေါ်တွင် ဆုတောင်းပွဲများ ကျင်းပစေခြင်းမှာလည်း လူငယ်များကို ခုတုံးလုပ် အသုံးချ နေခြင်းသာဖြစ်သဖြင့် စိတ်မကောင်းဖြစ်မိကြောင်း၊ နိုင်ငံတော်အား မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူများ စားဝတ်နေရေး ဒုက္ခရောက်အောင် တို့ကိုသာ ရှေးရှု လုပ်ဆောင်နေပြီး နိုင်ငံအတွက် အကျိုးပြုမှု တစ်စုံတစ်ရာ လုပ်ကိုင်ဆောင်ရွက်မှု မရှိသည်ကို ၎င်းကိုယ်တိုင် သိမြင်လာမှုကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များကို ယုံကြည်မှုမရှိတော့သဖြင့် ၎င်း၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

**မူးယစ်ကင်းစင်အလှဆင်**

# လေးပွင့်ဆိုင် ခြေစမ်းပွဲ ပဋ္ဌမနေ့ အဖြူရောင်အသင်းက အပြာရောင်အသင်းကိုနိုင်

**ရန်ကုန် မေ ၂၆**

၂၀၀၇ ခုနှစ်တွင် ကျင်းပမည့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများအား ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာလူငယ် ယူ–၂၃ အသင်းတို့အား ရွေးချယ်ဖွဲ့စည်းရေး ကျင်းပသည့် လေးပွင့်ဆိုင်ခြေစမ်းပွဲ ပဋ္ဌမနေ့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ အဖြူရောင်အသင်းက အပြာရောင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**အဖြူရောင်အသင်း– တစ်ဂိုး (သူရိန်စိုး)**
**အပြာရောင်အသင်း– ဂိုးမရှိ**
**ဒိုင်လူကြီး– ဦးဝင်းထွဋ်**

ယှဉ်ပြိုင်ပြီးသော ပွဲနှစ်ပွဲတွင် နိုင်ပွဲမရရှိသေးသောနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ အနိုင်ရရှိရေး အထူးကြိုးစား ကစားခဲ့ကြသည်။ အပြာရောင်အသင်းရော အဖြူရောင်အသင်းပါ စုစည်းလေ့ကျင့် ရက်နည်း၍ ထင်သလောက် ခြေစွမ်းမပြနိုင်သော်လည်း လက်ရွေးစင်ဟောင်း အများစုပါဝင်သည့် အပြာရောင်အသင်းက ပညာ၊ သမ္ဘာ၊ လူငယ် ကစားသမားအများစု ပါဝင်သည့် အဖြူရောင်အသင်းက ခွန်အားနှင့် ကြိုးစားမှုတို့ကို အသုံးပြုကာ အားသွန်ခွန်စိုက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဖြူရောင်အသင်းမှ ဒုတိယပိုင်းတွင် လူစားဝင်လာသူ သူရိန်စိုး၏ တစ်လုံးတည်းသော ဂိုးဖြင့် နိုင်ပွဲရရှိသွားသည်။

ခြေစမ်းပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က အပြာရောင်အသင်းအားကျပ် တစ်သိန်း၊ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အဖြူရောင်အသင်းအား ကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

အဖြူရောင်အသင်းတွင် ဂိုး–ဇော်မိုးထက်၊ နောက်တန်း– ကျော်ဒွန်း၊ ဇော်ခါ၊ ဇော်လင်းထွန်း၊ မင်းသူ၊ အလယ်တန်း– အောင်သန်းဝင်း (နေလင်းထိုက်)၊ နိုင်ဝင်း(ရာဇာစိုး)၊ အောင်ရဲထွဋ်(စည်သူမောင်)၊ နေဝင်းအောင်(စိုင်းသန်းအောင်)၊ ရှေ့တန်း– မင်းမင်းထွန်းနှင့် တင်အောင်မိုး (သူရိန်စိုး)တို့ ပါဝင်ကစားကြပြီး အပြာရောင်အသင်းတွင် ဂိုး– ညီညီလွင် (သီဟစည်သူ)၊ နောက်တန်း–မိုးဝင်း၊ ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာဝင်း(မျိုးမင်းထွဋ်)၊ ဝင်းမင်းထွဋ်၊ အလယ်တန်း–မင်းကိုကို (စိုးမြတ်မင်း)၊ ဟိန်းရာဇာဝင်း (ချမ်းချမ်း)၊ စိုးလင်းထွန်း (ညွှန့်ဝင်း)၊ ထွန်းထွန်းဝင်း၊ ရှေ့တန်း– အောင်ကျော်ထွန်းနှင့် ရန်ပိုင်တို့ ပါဝင်ကစားသွားကြသည်။

### ယနေ့ပွဲ

**ညနေ ၄ နာရီ**
**(အောင်ဆန်းကွင်း)**
**အနီရောင် နှင့် အဝါရောင်**

(ကြေးမုံ)



**အပြာရောင်အသင်းမှ အောင်ကျော်ထွန်း အဖြူရောင်အသင်း နောက်တန်းကို ကျော်ဖြတ်စဉ်။** (ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၇–၅–၂၀၀၇ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | (၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာတရားတော် (အပိုင်း–၆) (ဓမ္မဒူတအရှင်ဆေကိန္ဒ) |
| ၈:၀၅ | Sunday Talk (မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်) |
| ၈:၅၅ | တေးဂီတအစီအစဉ် |
| ၉:၀၀ | နေ့စဉ်မပျက်ဒါနဖက် (၃၆၅)ရက် |
| ၉:၁၅ | တေးဂီတအစီအစဉ် |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၅၅ | ကျန်းမာကြံ့ခိုင်ခြင်း သိမ်မွေ့လှပခြင်းတို့ စုဝေးရာ |
| ၁၀:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၀ | EURO GOALS |
| ၁၀:၅၀ | တေးဂီတအစီအစဉ် |
| ၁၀:၅၅ | လက်ဖက်စိုက်တဲ့ရွာကလေး |
| ၁၁:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၅ | ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့ |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၅၀ | သစ်သီးဝလံ ပေါပြည့်ဝေဆာ တို့မြေမှာ (စိမ်းချိုသရက်သီး) |
| ၁၂:၀၀ | တေးဂီတအစီအစဉ် |
| ၁၂:၀၅ | နည်းပညာစွမ်းဖြင့် အနာဂတ်သို့တက်လှမ်းခြင်း |
| ၁၂:၃၅ | တေးဂီတအစီအစဉ် |
| ၁၂:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၄၅ | တူးမြောင်းများ စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**International Friendlies ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၀:၃၀ | England-Albania | 5-Sports(Delay) |

❀ ရှေ့ဖုံးမှ
စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်များ (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။** (သတင်းစဉ်)



# ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး တက်ညီလက်ညီဆောင်ရွက်ရန် မှာကြား

နေပြည်တော် မေ ၂၆

**မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၃ ရက် နံနက် ၆ နာရီခွဲတွင် ပခုက္ကူမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပခုက္ကူတပ်နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကာ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးသည်။**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများသည် တပ်နယ်မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့များ ပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူ မျိုးစေ့များကို ပျိုးထောင်ပေးကာ ကြက်ဆူပျိုးပင်များ စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ တပ်နယ်မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှု အားပေးသည်။ အဆိုပါ တပ်နယ်မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပျိုးပင် ငါးဧက၌ အပင်ပေါင်း ၆၀၀၀ စိုက်ပျိုးကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေနတ်တောင်စိမ်းလန်းစိုပြည်ရေး သစ်ပင်များစိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❒**

# NLD ပါတီသည် ပြည်ပကို မှီခိုအားထားလွန်းနေပြီး နိုင်ငံနှင့်လူမျိုး ဒုက္ခရောက်အောင် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေသည်ကို ပါတီခေါင်းဆောင်များက ဝမ်းသာအားရဖြစ်နေ လူငယ်များကို ဘုရားများပေါ်တွင် ဆုတောင်းပွဲများ ကျင်းပစေခြင်းဖြင့် ခုတုံးလုပ် အသုံးချလျက်ရှိ နိုင်ငံအတွက် အကျိုးပြုမှု တစ်စုံတစ်ရာ လုပ်ကိုင်ဆောင်ရွက်မှု မရှိသဖြင့် လှည်းကူးမြို့နယ်မှ ပါတီဝင် တစ်ဦး နုတ်ထွက်

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ဦးနီတွတ်သည် မေ ၂၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ကြောင်း နုတ်ထွက်လွှာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

လှည်းကူးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော ဦးနီတွတ်၏ နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ဆောင်ချက်များသည် ပြည်ပကို အထူးပင်မှီခိုအားထားလွန်းပြီး **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ●**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**